မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၉၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြေပြန့်သာမက တောင်ကုန်းတောင်စွယ်များ၌ ရော်ဘာကဲ့သို့ နှစ်ရှည်သီးနှံများတိုးချဲ့စိုက်ပျိုး လုပ်ငန်းရှင်များ စိုက်ပျိုးရေး၊ မွေးမြူရေးအပြင် စက်မှုကဏ္ဍအပိုင်းကို ကြိုးစားဆောင်ရွက် အစိုးရ-ပြည်သူ-တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုကြောင့် ထူးခြားစွာအောင်မြင်ဖြစ်ထွန်း ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုရှိနေပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်သာဖြစ်

ရန်ကုန် ဧပြီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဧပြီ ၁၈ ရက် နံနက် ၇နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမသို့ သွားရောက်၍ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ *စာမျက်နှာ ၈ ကော်လံ ၁* ●

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေး လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

တပ်မတော်အစိုးရသည် နိုင်ငံတစ်ဝန်းတွင် ဆည်မြောင်းတာတမံများ၊ လမ်းမကြီးနှင့် တံတားကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများ စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါ အခြေခံအဆောက်အအုံများအားလုံးကို နိုင်ငံတော်က ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီကာလတွင် ဖော်ဆောင်ပြီးမြောက်သည်နှင့်အမျှ နိုင်ငံတော်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဧပြီလ ၁၈ရက်နေ့က သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမသို့ ရောက်ရှိပြီး ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ ကျောက်ဖြူ-မအီလမ်းအပိုင်း၊ မအီ-တောင်ကုတ်လမ်းအပိုင်းနှင့် အမ်း-ပဒဲကြော-မအီလမ်း ပြုပြင်ဖောက်လုပ်မှုနှင့် တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းပေါ်ရှိ သံသမချောတံတား၊ သဇင်တန်ပေါက်တံတား၊ ဝန်ဖိုက်တံတားနှင့် မင်းကြောင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားရာတွင်-

"တည်ဆောက်ပြီးတံတားများ ပြုပြင်ထိန်းသိမ်းပြီး တည်ဆောက်ဆဲတံတားများနှင့် ဆက်လက်တည်ဆောက်မည့်တံတားများ ဆောက်လုပ်ပြီးစီးရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှသာ ရခိုင်ပြည်နယ်နှင့် အခြားသော ပြည်နယ်၊ တိုင်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ရခိုင်ပြည်နယ်၏ စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားလာမှာ ဖြစ်ကြောင်း"

မိန့်ကြားခဲ့ပေသည်။

ရခိုင်ပြည်နယ်သည် ယခင်က သွားလာဆက်သွယ်မှုခက်ခဲသော ဒေသတစ်ခုဖြစ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်က ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့်တိုင်းများသို့ ဆက်စပ်သွားလာနိုင်ရန် စီမံ ဆောင်ရွက်ပေးခဲ့သည်။ အမ်း-မင်းဘူးလမ်း၊ တောင်ကုတ်-ပြည်လမ်းနှင့် ဂွ-သိုင်းချောင်းလမ်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်မိပြီး ဆက်သွယ်သွားလာရေး အဆက်မပြတ်စေရန်နှင့် ယင်းတံခါးပေါက်သုံးပေါက်မှ အခြားပြည်နယ်နှင့် တိုင်းများသို့ ရာသီမရွေး သွားလာနိုင်ရန်အတွက် လမ်းမကြီးများကို အမြဲမပြတ် စစ်ဆေးပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်က စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ကျောက်ဖြူ-မအီလမ်းပေါ်၌ တည်ဆောက်နေသည့်တံတား ကိုးစင်းအနက် ခြောက်စင်းပြီးစီးနေပြီဖြစ်၍ သံသမချောတံတားနှင့် သဇင်တန်ပေါက်တံတားတို့မှာ မကြာမီ ပြီးစီးတော့မည်ဖြစ်ရာ ဝန်ဖိုက်တံတား တစ်စင်းသာ တည်ဆောက်ပြီးစီးရန် ကျန်ရှိတော့သည်။

တံတားများတည်ဆောက်နေသည့် ဒေသမှာ ဒီရေအတက်အကျရှိသည့် ဒေသဖြစ်သဖြင့် ဒီရေအတက်အကျကို တိုင်းတာမှတ်သားပြီး လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ထားကြရမည် ဖြစ်သည်။ ထူးကဲဒီရေကို ကာကွယ်မည့် ရေကျော်တားအစီအမံများနှင့် လှိုင်းရိုက်ခတ်ရာနေရာများတွင် ကျောက်စီအရန်အတားများကို ကြိုတင်ထည့်သွင်း စီမံတည်ဆောက်ထားကြရမည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် ဒေသ ဝမ်းစာဖူလုံစေရေးအတွက် ဆန်စပါးအထွက်တိုးရေးကို အလေးထားစိုက်ပျိုးလုပ်ကိုင်ကြရန် ဖြစ်သည်။ ထို့အပြင် ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ပင်မစီးပွားရေးလုပ်ငန်းတစ်ခုတည်းကိုသာ အားကိုးမနေဘဲ ရော်ဘာစိုက်ပျိုးရေး၊ ဧရာတ်ကောင်းစိုက်ပျိုးရေး၊ သိပ္ပံနည်းကျ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း အဓိကစီးပွားရေး လုပ်ငန်းများအဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ရန် အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

ဒေသတစ်ခု ဖွံ့ဖြိုးရေးအတွက် ပင်မစီးပွားရေးလုပ်ငန်း တစ်ခုတည်းအပေါ်တွင်သာ ရပ်တည်နေမည့် အစား ပင်မစီးပွားရေး နှစ်ခု၊ သုံးခု တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်ရော ဒေသခံပြည်သူများ အတွက်ပါ ရေရှည်တွင် အရှိန်အဟုန်ဖြင့် တိုးတက်စည်ပင်လာမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်ကဲ့သို့ သွားလာဆက်သွယ်မှုခက်ခဲသော ဒေသများတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်ဆောင်ရွက်ပေးပြီး ဒေသပင်မစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၀-၄-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Population Statistics(II). (ဒုတိယနှစ်-စီးပွားရေး)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွှာနဲ့ကြမ္မာ"**(အပိုင်း-၁၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ဗီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူသူရဲကောင်း"** (အပိုင်း-၄)
(၂၁-၄-၂၀၀၅)
၀၁:၃၀ ၂၃။ English Premier League ဘောလုံးပွဲ Chelsea Vs Arsenal.

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မတူပီမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်သာအေး လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ချင်းပြည်နယ် မတူပီမြို့နယ် နွားနောက်မွေးမြူရေးစခန်း အမှတ်-၂ (ဖနိုင်ကျေးရွာ)သို့ သွားရောက်ရာ ရှင်းလင်းဆောင်တွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဦးစီးအရာရှိ ဦးသန်းအေးရွှေက မင်းတပ်ခရိုင်တွင် မွေးမြူရေးစခန်းခြောက်ခု ဖွင့်လှစ်၍ နွားနောက်ကောင်ရေ ၂၆၀၀၀ကျော် မွေးမြူထားရှိမှုနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး နွားနောက်မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှ တစ်ဆင့် တိုင်းမှူးသည် မတူပီမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် တည်ဆောက်ရေးတာဝန်ခံက ကျောင်းဆောင်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။ အဆိုပါ ကျောင်းဆောင်မှာ စာသင်ခန်း၁၆ခန်းပါ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျား၂၉၂ပေ၊ အနံပေ ၁၄၀၊ အမြင့်ပေ ၃၀ ရှိကြောင်းနှင့် ကျောင်းဆောင်သစ်တွင် လိုအပ်သော ကျောင်းသုံးပရိဘောဂများကို တိုင်းမှူးက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ မတူပီမြို့ မြောက်ဘက် ခြောက်မိုင်အကွာတွင် တည်ဆောက်မည့် ရေအားလျှပ်စစ် စီမံကိန်းနေရာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ထီးဆောင်းကြိုးတံတား

ယင်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်၏ လှူဒါန်းမှုတို့ဖြင့် တည်ဆောက်ထားသော ထီးဆောင်းကြိုးတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားကြံ့ခိုင်ရေး၊ ရာသီမရွေးသွားလာနိုင်ရေး ဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းထီးဆောင်းကြိုးတံတားသည် တိုင်းစစ်ဌာနချုပ်က လှူဒါန်းငွေကျပ်၉၅၆၅၀၀ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အရှည်ပေ၂၂၀ရှိ၍ မတူပီမြို့နှင့် ထီးဆောင်းကျေးရွာတို့ကို ဆက်သွယ်ပေးသော ကြိုးတံတားဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် မတူပီမြို့နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားများ၏ စာသင်ဆောင်နှင့် အိပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် လိုအပ်သော အားကစားပစ္စည်းများနှင့် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် ကျောင်းအတွင်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(မတူပီ) ဆောက်လုပ်နေသည့် ရှင်းလင်းဆောင်သို့ သွားရောက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း လေးထောင့်ကန် (စံပြကျေးရွာ)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အခြေခံပညာမူလတန်းဆင့်နှင့် အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၀ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက စတုတ္ထတန်း(က)မှ မောင်ကောင်းထက်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

ဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၉

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်၍ မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် အကြိမ် (၁၃၀)မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဧပြီ ၂၃ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၂၅၄၉၀၆နှင့် ၀၅၆- ၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် ယင်းနေ့ ညနေ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့လာရောက်ကြပါကမော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

သောဘနာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ မဟာစည်တရားပွဲ

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘန ဦးစီး၍ ပဲခူးတိုင်း ပဲခူးမြို့နယ် စာသူငယ်ကျေးရွာ သောဘနာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ မဟာစည်တရားပွဲများကို ကျင်းပမည်ဖြစ်ရာ တန်ခူးလဆန်း ၁၄ ရက် (ဧပြီ ၂၂ ရက်) ညတွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက မာဟာစည်နာယကချုပ် မြစ်သားဆရာတော် ဘဒ္ဒန္တ ဝါသဝ၊ မဟာစည်နာယကဆရာတော် ဓမ္မာစရိယ မုဒုံဆရာတော် ဘဒ္ဒန္တ ကုသလ၊ ဧပြီ ၂၃ ရက်ညတွင် မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာစည်နာယကအဖွဲ့ဝင် ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဉာဏ္ဍက၊ ဗဟုဇနဟိတဓရ သာသနဓဇ ဓမ္မာစရိယ မဟာစည်နာယကအဖွဲ့ဝင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိတို့က ညစဉ် ၇ နာရီမှစ၍ ပဲခူးမြို့နယ် စာသူငယ်ကျေးရွာ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ နိဗ္ဗာန်ရောက် ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ပြေးစဝ်ခမ်းဖဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့နှင့် ဆက်နွှယ်သည့် အခြားအဖွဲ့ အစည်းများအား မတရားအသင်းဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်)
မတရားအသင်းကြေညာခြင်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်းဖ ဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့်ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက်အန္တရာယ်ပြုရန် ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့်ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ် ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

တီလားပီးယားငါးဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေး ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် တီလားပီးယားငါးဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

တက်ရောက်

တီလားပီးယားငါးဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။

(ယာပုံ)

ထို့နောက် တီလားပီးယားငါးဈေးပွဲတော် ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်က ဈေးပွဲတော်ကျင်းပမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ငါးမွေးမြူရေးပညာရှင် ဦးတင်မောင်သန်းနှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်တို့က တီလားပီးယားငါးတွင် ပါဝင်မည့် အာဟာရများ၊ ငါးမွေးမြူခြင်း၊ ကြီးထွားနှုန်း၊ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲ အပြီးတွင် တက်ရောက်လာကြသူများအား တီလားပီးယားငါးစားဖွယ်ရာများဖြင့် နေ့လယ်စာ တည်ခင်းဧည့်ခံသည်။

ပြခန်းများဖွင့်လှစ်ပြသ

တီလားပီးယားငါးဈေးပွဲတော်ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဝင်းအတွင်း၌ ဧပြီ၃၀ရက်မှ မေ၁ရက်အထိ နေ့စဉ်ညနေ၃နာရီခွဲမှ ည၈နာရီအတွင်း ကျင်းပသွားမည်ဖြစ်သည်။ ဈေးပွဲတော်တွင် တီလားပီးယားငါးများနှင့် ပတ်သက်၍ သိကောင်းစရာများကို အများပြည်သူတို့အား ပညာပေးပြသနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ပြခန်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းပြခန်း၊ ခေတ်မီငါးစာတောင့်စက်ရုံများပြခန်း၊ ငါးမွေးမြူခြင်းနှင့် ဆက်နွှယ်သည့် ကုမ္ပဏီများပြခန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ငါးသားပေါက်ထုတ်လုပ်သူများ၏ ပြခန်းများကို ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ထို့အပြင် လက်ရှိအသုံးပြုနေသော ငါးများအစား တီလားပီးယားငါးကို အစားထိုးအသုံးပြု၍ ချက်ပြုတ်နိုင်မည့် နည်းများ တွင်ကျယ်ပြန့်ပွားလာစေရန် ရည်ရွယ်၍ ငါးအကင်ဆိုင်နှစ်ဆိုင်၊ တရုတ်နည်းဖြင့် ချက်ပြုတ်မည့် ဆိုင်သုံးဆိုင်၊ မြန်မာရိုးရာ ထမင်းဆိုင်နှစ်ဆိုင်၊အိန္ဒိယနည်းဖြင့် ချက်ပြုတ်မည့်ဆိုင် နှစ်ဆိုင်၊ ငါးခေါက်ဆွဲနှင့် ငါးကြေးအိုးဆိုင် သုံးဆိုင်နှင့် မုန့်ဟင်းခါးဆိုင် နှစ်ဆိုင်တို့ကို ဖွင့်လှစ်ရောင်းချပြီး ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ဖြန့်ဖြူးရောင်းချ

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ အသင်းဝင် လုပ်ငန်းရှင်များ ကိုယ်တိုင်မွေးမြူ ထုတ်လုပ်သော မျိုးကောင်းမျိုးသန့် တီလားပီးယားငါးများကို အရှင်ရောင်းချသည့်စနစ်၊ ရေခဲရိုက်ရောင်းချသည့်စနစ်နှင့် ပြုပြင်ထုတ်လုပ်ပြီးဖြစ်သော အရန်သင့်ချက်ပြုတ်စားသောက်နိုင်သည့် ငါးအသားလွှာ၊ ငါးအူချောင်းနှင့် ငါးဆုပ်လုံးတို့ကိုလည်းဈေးပွဲတော်လာပြည်သူများအားဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည့်အပြင် အနုပညာရှင်များကလည်း တေးဂီတများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၄-၂၀၀၅(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၆။	အရေးပြိုင်ပွဲ
၈း၂၀	၇။	ကံတင်ဘီးလင်းရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	လက်ဆင့်ကမ်းအမွေ
၁၇း၃၅	၈။	သီချင်းကြီးပဒေသာ
၁၇း၅၅	၉။	မြန်မာစာ မြန်မာစကား
၁၈း၁၀	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၀	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	တေးဂီတအစီအစဉ်
၁၉း၂၀	၁၅။	ကြံခိုင်ကျန်းမာ ပြည်မြန်မာ
၁၉း၃၅	၁၆။	တေးဂီတအစီအစဉ်
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ (ရုပ်သေး) မဟော်သဓာဇာတ်တော်ကြီး (တတိယဆု) [မွန်ပြည်နယ်ရုပ်စုံသဘင်အဖွဲ့]**

အခြေခံစာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၉

စာရင်းပညာလေ့လာလိုသူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်မည့် အခြေခံစာရင်းကိုင်သင်တန်းကို စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ၁/၁၉၊ သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ မေ၄ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် စာရင်းစစ်ချုပ်ရုံးတို့မှ အခြေခံစာရင်းကိုင်ပညာသင်တန်း အောင်လက်မှတ်ရလိုသူများ၊ စိတ်ဝင်စားသူများသည် ဖုန်း-၅၀၃၈၇၃နှင့် ၅၀၃၅၁၆၊ ၅၀၃၅၁၉တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ပြီး အနိမ့်ဆုံး အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ အမျိုးသမီးများ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ညောင်ပင်သာရွာကျောင်းတိုက်ဆရာတော် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ညောင်ပင်သာရွာ ညောင်ပင်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မသာမိအား တပည့် ဒါယကာ ဒါယိကာမများ၏ ပူဇော်မင်္ဂလာအခမ်းအနားကို ၁၃၆၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ ရက် (ဧပြီ ၂၃ ရက်) စနေနေ့ နံနက် ၇ နာရီတွင် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ပြည်တွင်းသတင်း
၇း၁၅	အပူဒဏ်၏အန္တရာယ်
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	UEFA Stories Euro 1960-64
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	စပ်မျိုးပြောင်းအမှတ်(၅)
၈း၂၅	နိုင်ငံတကာသတင်း
၈း၃၀	စံပြမှုကြိုလေ့ကျင့်မှု အစီအစဉ်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်
၉း၁၅	ပြည်တွင်းသတင်း
၉း၂၀	ရုပ်ရှင်အကယ်ဒမီအကြောင်း သိကောင်းစရာ
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ဒါးကတံတား
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာသတင်း
၁၀း၃၀	Learning English
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ချုပ်သင်းဘေးမဲ့တော ရွှေသမင်စာရင်းကောက်ယူခြင်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံတွင် ကမ္ဘာ့ ရူပဗေဒနှစ် အထိမ်းအမှတ် အခမ်းအနားကျင်းပ ၂၀၀၅ခုနှစ်အား ကမ္ဘာ့ ရူပဗေဒနှစ်အဖြစ် ကုလက အတည်ပြုသတ်မှတ်

ပေကျင်း ဧပြီ ၁၈

တရုတ်နိုင်ငံရှိ သိပ္ပံပညာတွေးခေါ်မြော်မြင်တတ်သူများသည် ငယ်ရွယ်သော တရုတ်လူမျိုးသိပ္ပံပညာရှင်များအတွင်း ပင်ကိုအရည်အချင်း ပိုမိုထက်မြက်မှုရှိစေရန်အတွက် အယ်လ်ဘတ်အိုင်းစတိုင်း အောင်မြင်မှုများကို စူးစမ်းလေ့လာရန် လိုအပ်သည်ဟု ထင်ရှားသော တရုတ်လူမျိုးရူပဗေဒပညာရှင်တစ်ဦးက ပေကျင်း၌ သောကြာနေ့က ပြောကြားသည်။

အိုင်းစတိုင်းသည် ခေတ်မီရူပဗေဒပညာရပ်အတွက်အခြေခံအယူအဆ သဘောတရားများကို ချပေးခဲ့ကြောင်း တရုတ်သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာ အသင်း(စီအေအက်စ်တီ)ဥက္ကဋ္ဌ ကျောက်ကွမ်ကျို့က ပြောကြားသည်။

အိုင်းစတိုင်း၏ ရူပဗေဒပညာရပ်ဆိုင်ရာ သမိုင်းဝင်ဖော်ထုတ်တွေ့ရှိချက်များသည် အခြေခံသုတေသနအတွက်သာမက နည်းပညာတိုးတက်မှုကိုလည်း ဖြစ်စေခဲ့ကြောင်း ပေကျင်း၌ သောကြာနေ့ကကျင်းပခဲ့သည့် ကမ္ဘာ့ရူပဗေဒနှစ် အထိမ်းအမှတ်အခမ်းအနားတွင် ကျောက်ကွမ်ကျို့က ပြောကြားသည်။

အတည်ပြု

၁၉၀၅ခုနှစ်တွင် အသက်၂၆နှစ် အရွယ်ရှိခဲ့သော အိုင်းစတိုင်းသည် နှိုင်းယှဉ်ချက်နှင့် လျှပ်စစ်သံလိုက်စွမ်းအားဆိုင်ရာ သိပ္ပံပညာရပ်စာတမ်းငါးခုကို ဖော်ထုတ်ခဲ့ရာ ကမ္ဘာတစ်ဝန်း ရူပဗေဒသုတေသနအတွက် ကြီးမားစွာတိုးတက်စေခဲ့သည်။ ၁၉၀၅ခုနှစ်ကိုလည်း အိုင်းစတိုင်းနှစ်ဟု ခေါ်ဆိုခဲ့ကြသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၀၅ခုနှစ်အား ကမ္ဘာ့ရူပဗေဒနှစ်အဖြစ် သတ်မှတ်ရန် အဆိုပြုချက်ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာရှ-အာဖရိကစီးပွားရေးဆက်ဆံမှုခိုင်မာလာမည် တောင်အာဖရိက ဒုတိယနိုင်ငံခြားရေးဝန်ကြီးပြောကြား

ဂျိုဟန်နက်စဘတ် ဧပြီ ၁၈

ကမ္ဘာ့အဆင်းရဲဆုံးတိုက်ဖြစ်သည့် အာဖရိကသည် အင်ဒိုနီးရှားနိုင်ငံ၌ လာမည့်အပတ်တွင် ထိပ်သီးအစည်းအဝေးပြုလုပ်အပြီး အာရှနှင့် စီးပွားရေးဆက်ဆံမှု ခိုင်မာလာတော့မည်ဖြစ်သည်ဟု တောင်အာဖရိကနိုင်ငံ အဆင့်မြင့်အရာရှိတစ်ဦးက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ပြောကြား

အဆိုပါ ထိပ်သီး ညီလာခံသည် အာရှ-အာဖရိက မဟာဗျူဟာ ဦးဆောင်မှုသစ်ကို စတင်မည်ဟု မျှော်လင့်ထားကြောင်း ကိပ်တောင်းမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းပွဲ၌ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဇစ်ပါဟက်ဒ်က ပြောကြားသည်။

တက်ရောက်

တောင်အာဖရိကနိုင်ငံ သမ္မတသာဘိုအမ်ဘီကီသည် ဧပြီ၂၂မှ ၂၃ရက်အထိ ဂျကာတာနှင့် ဘန်ဒေါင်းတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ယင်းထိပ်သီးအစည်းအဝေးသို့ နိုင်ငံအကြီးအကဲနှင့် အစိုးရအကြီးအကဲ ၅၀ခန့်တက်ရောက်ကြမည်ဖြစ်သည်။

အခွင့်အလမ်း

ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စတွင် အရေးကြီးကြောင်း၊ ထိပ်သီးအစည်းအဝေးက အာဖရိကနှင့် အာရှခေါင်းဆောင်များကို သဘောထားအမြင်ချင်း ဖလှယ်သည့် အခွင့်အလမ်းပေးမည် ဖြစ်ကြောင်း ပါဟက်က ပြောကြားသည်။

အဓိက

ပြီးခဲ့သည့်နှစ်ကတောင်အာဖရိက၌ ပြုလုပ်ခဲ့သည့် အစည်းအဝေးအပြီးတွင် အဓိကအားဖြင့် တိုက်ကြီးနှစ်တိုက်၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြစ်သော အာရှ-အာဖရိက ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ဖော်ထုတ်ခဲ့ကြောင်း ပါဟက်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ရေ၊ လျှပ်စစ်နှင့်ဆည်မြောင်း လိုအပ်ချက်ဖြည့်ဆည်းမည့် ရေမဟာဗျူဟာ ဆောင်ရွက်ချက် နီပေါအစိုးရအတည်ပြု

ခတ္တမန္ဒူ ဧပြီ ၁၈

နှစ် ၂၀အတွင်း နီပေါနိုင်ငံ၏ ရေ၊ လျှပ်စစ်နှင့် ဆည်မြောင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ရေ မဟာဗျူဟာ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ကို နီပေါအစိုးရက အပြီးသတ် အတည်ပြုပေးလိုက်သည်။

ရေနှင့် လျှပ်စစ်ဓာတ်အား ကော်မရှင်သည် ယင်းရေမဟာဗျူဟာလုပ်ငန်းဆောင်ရွက်မှုကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလထဲ၌ အပြီးသတ်ခဲ့ပြီး ဝန်ကြီးအဖွဲ့သို့မဟုတ် ဝန်ကြီးများ ကောင်စီသို့ အပြီးသတ် အတည်ပြုချက်အတွက် ဆက်လက်တင်သွင်းခဲ့သည်ဟု ရိုက်စ်ဇင်းနီပေါသတင်းစာက အရာရှိကြီးတစ်ဦး၏ ပြောဆိုချက်ကို ကိုးကားဖော်ပြသည်။

တပ်ဆင်

လုပ်ငန်းပြီးမြောက်ရေးအတွက် စုစုပေါင်းရသုံးငွေ အမေရိကန်ဒေါ်လာ ၁၇ဒသမ၄၁ဘီလီယံလျာထားကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ ရသုံးငွေ၏ ၁၉ရာခိုင်နှုန်းကို သောက်ရေစီမံကိန်း၊ ၄၂ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ၂၂ ရာခိုင်နှုန်းကို ဆည်မြောင်း၊ ၁၁ ရာခိုင်နှုန်းကို လျှပ်စစ်တပ်ဆင်ခြင်းနှင့် ၃ရာခိုင်နှုန်းကို ရေဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများတွင် သုံးစွဲပြုမည် ဖြစ်သည်။

မဟာဗျူဟာ စီမံကိန်းအကောင်အထည်ပေါ်လာလျှင် စုစုပေါင်းလူဦးရေ၏ ၁၀၀ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်ကို အသုံးပြုနိုင်ကြမည် ဖြစ်ကြောင်း ၎င်းအရာရှိက ပြောဆိုသည်။

အသုံးပြု

နီပေါနိုင်ငံတွင် လက်ရှိ အခြေအနေ၌ စုစုပေါင်း လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်ကို ရရှိအသုံးပြုနိုင်ကြသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘရာဇီးနိုင်ငံ ဘရာဇီးလီးယားမြို့ရှိ ပါရာဒိုရာ ရေအိုင်ကြီးအပေါ်မှ ဖြတ်ပြီး တည်ဆောက်ထားသော ဂျူဆီလီဒိုကူဘစ်ချက်တံတားကြီး၏ အလှကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားရှိ မီးတောင်ငါးလုံး ပညာရှင်များ အနီးကပ်စောင့်ကြည့်နေ

ဂျကာတာ ဧပြီ ၁၈

လွန်ခဲ့သည့် သုံးရက်ကျော်ကတည်းက အသံများ မြည်ဟည်းနေသော မီးတောင်ငါးလုံးကို သိပ္ပံပညာရှင်များက စိုးရိမ်ကြီးစွာ စောင့်ကြည့်လျက်ရှိကြောင်း၊ အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် အဆိုပါမီးတောင်ငါးလုံး၏ အခြေအနေမှာ စိုးရိမ်ဖွယ်ကောင်းသည့် အနေအထားရှိသဖြင့် ပညာရှင်များ စောင့်ကြည့်နေခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံထုတ် ဂျကာတာပို့စ်သတင်းစာက သောကြာနေ့တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် စောင့်ကြည့်နေရသည့် ရုပ်တုများဟု ခေါ်ဆိုရသည့် တောင်ပေါင်း၁၁လုံးရှိသည့်အနက် အဆိုပါမီးတောင်ငါးလုံးကို မီးတောင်ကျွမ်းကျင်သူ ပညာရှင်များက အနီးကပ်သေချာစွာ လေ့လာစောင့်ကြည့်လျက်ရှိသည်ဟု ယင်းသတင်းစာကဖော်ပြသည်။

အဆိုပါမီးတောင်ငါးလုံးမှာ အင်ဒိုနီးရှားနိုင်ငံအနောက်ဂျာဗားပြည်နယ်မှ တန်ကူဘန်ပီရာဟူ မီးတောင်၊ လမ်းပန်ပြည်နယ်မှ အနက်ခ်ကရာကာတူမီးတောင်၊ အနောက်ဆူမာတြားပြည်နယ်ရှိ တာလန်မီးတောင်၊ အရှေ့ဂျာဗားပြည်နယ်ရှိ ဆီမီရူမီးတောင်နှင့် ယိုဂျာကာရာပြည်နယ်ရှိ မီရာပီမီးတောင်တို့ဖြစ်ကြကြောင်း ဂျကာတာပို့စ်သတင်းစာတွင် ဖော်ပြထားသည်။ အဆိုပါမီးတောင်များအနက် တန်ကူဘန်ပီရာဟူ မီးတောင်နှင့် အနက်ခ်ကရာကာတူ မီးတောင်များသည် မတည်မငြိမ်မှု အများဆုံးဖြစ်နေသည့် မီးတောင်များ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်တွင် ပြန်ပေးဆွဲခံထားရသော ဘရာဇီးနိုင်ငံသားဓားစာခံ အသတ်ခံရ

ဘရာဇီးလီးရာ ဧပြီ ၁၈

အီရတ်နိုင်ငံတွင် အလုပ်လုပ်နေသော ပြန်ပေးဆွဲခံထားရသည့် ဘရာဇီးနိုင်ငံသား အင်ဂျင်နီယာသည် အီရတ်လက်နက်ကိုင် ပြန်ပေးသမားများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရပြီဖြစ်ကြောင်း အမည်ဖော်ပြခြင်းမရှိသည့် ဗြိတိသျှသတင်းရပ်ကွက်က ပြောကြားသည်ဟု ဘရာဇီးနိုင်ငံ တီဗီရက်ဒ်ဂလိုဘို ရုပ်မြင်သံကြားသတင်းဌာနက သောကြာနေ့တွင် ထုတ်လွှင့်သွားသည်။

ဘရာဇီးနိုင်ငံသား အသက် ၅၀အရွယ်ရှိ ဂျိုရိုဂျော့ဗက်စကွန် ဆီလော့စ်သည် အီရတ်နိုင်ငံရှိ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသော အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ သူသည် အီရတ်နိုင်ငံရှိ လုံခြုံရေးကုမ္ပဏီတစ်ခုမှ မော်တော်ယာဉ်တန်းနှင့် ခရီးသွားစဉ် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသူဖြစ်သည်။

သူနှင့်အတူ လိုက်ပါလာသော လုံခြုံရေးဝန်ထမ်းနှစ်ဦးဖြစ်သည့် ဗြိတိသျှလူမျိုးတစ်ဦးနှင့် အခြားအီရတ်နိုင်ငံသားတစ်ဦးတို့လည်း အဆိုပါ ဓားစာခံဖမ်းဆီးခံရမှုဖြစ်ရပ်တွင် သေဆုံးခဲ့ကြရသည်။

ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနကမူ ဓားစာခံ ဗက်ကွန်ဆီလော့စ် သေဆုံးမှုနှင့် ပတ်သက်၍ သေချာခိုင်မာသော အထောက်အထားနှင့် သတင်းတစ်စုံတစ်ရာမရမခြင်း အတည်မပြုနိုင်သေးကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ဖမ်းဆီး

မိုဆူးလ်မြို့တောင်ဘက် ဆယ်လာမီယက်ကျေးရွာတွင် အီရတ်များအား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ အထည်အလိပ်များ ပြည်ပတင်ပို့မှု ၂၀၀၅ခုနှစ်တွင်လည်း ဆက်လက်တိုးမြင့်နေမည်

ဂေါင်ဇူ ဧပြီ ၁၈

တရုတ်နိုင်ငံအနေဖြင့် ၂၀၀၅ခုနှစ်တွင် ပြည်ပသို့ အထည်အလိပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ရရှိမည်ဟု မျှော်မှန်းထားရာ ၂၀၀၄ခုနှစ်ကထက် အမေရိကန်ဒေါ်လာငါးဘီလီယံကျော် တိုးမြင့်ရရှိလိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးလုပ်ငန်းဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာသည်။

တရုတ်အထည်အလိပ်ပို့ကုန်များသည် နိုင်ငံတကာဈေးကွက်များတွင် လိုအပ်ချက်များရှိနေသည်ဖြစ်ရာ တရုတ်နိုင်ငံထုတ် အဝတ်အထည်နှင့် အထည်အလိပ်များ၏ ပြည်ပတင်ပို့မှုသည် ဆက်လက်မြင့်မားနေဆဲပင် ရှိနေမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံရှိ အထည်အလိပ်ထုတ်လုပ်သူများအနေဖြင့်လည်း ပြည်ပမှ အမှာစာရောက်ရှိမှု လျော့နည်းခြင်းကို ကာကွယ်ရန်နှင့် ပုံမှန်အနေအထားတိုင်း ဆက်လက်ရှိနေစေရန် သုတေသနပြုမှုများ ပြုလုပ်နေကြကြောင်းလည်း အဆိုပါဝန်ကြီးဌာန၏ နိုင်ငံခြားကုန်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူးလူကျုန်ဟွာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ် ဖူကျင်းမြို့ရှိ မော်တော်ယာဉ်သုံး မှန်များ ထုတ်လုပ်သည့်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဧပြီ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့တတိယအကြီးဆုံး ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံ တရုတ်နိုင်ငံဖြစ်လာကြောင်း ဒဗလျူတီအို အတည်ပြု

ပေကျင်း ဧပြီ ၁၈

၂၀၀၄ခုနှစ်အတွင်း၌ တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံထက် ကုန်ပစ္စည်းပိုမိုတင်ပို့ခဲ့ရာ အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီတို့ပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံး ကုန်ပစ္စည်းတင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း ပေကျင်းနယူးစ်က စနေနေ့တွင် သတင်းဖော်ပြလိုက်သည်။

တရုတ်နိုင်ငံ၏ ကမ္ဘာ့ပို့ကုန်တန်ဖိုးသည် ၂၀၀၄ခုနှစ်အတွင်း၌ တတိယအများဆုံးအထိ မြင့်မားခဲ့ကြောင်း ဒဗလျူတီအိုက ကြာသပတေးနေ့၌ ထုတ်ပြန်သည့် ကိန်းဂဏန်းများက အတည်ပြုခဲ့သည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်များက သောကြာနေ့၌ အတည်ပြုပြောကြားသည်။

တရုတ်အီလက်ထရွန်းနစ် ထုတ်ကုန်များ ဝယ်လိုအားမြင့်တက်လာခြင်းသည် ပင်လယ်ရပ်ခြားရောင်းချမှုကို ၃၅ရာခိုင်နှုန်းမြင့်တင်ပေးခဲ့သည်ဟု ဒဗလျူတီအိုက ပြောကြားသည်။

တရုတ်နိုင်ငံ ပို့ကုန်ပစ္စည်းများ၏ သုံးပုံတစ်ပုံမှာ အီလက်ထရွန်းနစ် ထုတ်ကုန်များဖြစ်ပြီး စင်ကာပူ၊ တောင်ကိုရီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်ပို့ကုန်များ၏ သုံးပုံတစ်ပုံမှ သုံးပုံနှစ်ပုံထိရှိသည်ဟု ဆိုသည်။

အထည်အလိပ်နှင့် အဝတ်အထည်ပို့ ကုန်တန်ဖိုးသည် ၁၅ရာခိုင်နှုန်းနှင့် ၁၇ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပြီး တရုတ်ပို့ကုန်ပမာဏ၏ ၁၀ရာခိုင်နှုန်းထက် လျော့သည်ဟုဆိုသည်။ တရုတ်နိုင်ငံ၏ ပိုလျှံသောထုတ်လုပ်မှုနှင့် တရုတ်နိုင်ငံ၌ အခြေစိုက်သည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအများအပြားသည် တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှု မြင့်တက်ရသည့် အဓိက အကြောင်းအချက်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တောင်ကိုရီးယား-စင်ကာပူ ကုန်သွယ်ရေး လွတ်လပ်မှု သဘောတူ လက်မှတ်ရေးထိုး

ဆိုးလ် ဧပြီ ၁၈

တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့မှ စေ့စပ်ဆွေးနွေးသူများသည် ယခုနှစ်၏ ဒုတိယနှစ်ဝက်၌ စတင်အကျိုးသက်ရောက်ဖွယ်ရှိသော ကနဦး ကုန်သွယ်ရေးလွတ်လပ်မှု သဘောတူညီချက်ကို ရရှိကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

စင်ကာပူ၌ စနေနေ့က လက်မှတ်ရေးထိုးခဲ့သည့် အဆိုပါသဘောတူညီချက်ကို တရားဝင်လက်မှတ်မရေးထိုးမီနှင့် ဖွန်လထဲ၌ ပါလီမန်ထောက်ခံခြင်းမပြုမီ ဝန်ကြီးအဖွဲ့သို့ မကြာမီတင်သွင်းမည်ဟု ဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

တရားဝင် လက်မှတ်ရေးထိုးခြင်းနှင့် ထောက်ခံအတည်ပြုခြင်းအတွက် အချိန်ပေးရန် လိုကြောင်း တောင်ကိုရီးယား-စင်ကာပူအက်ဖ်တီအေသည် ယခုနှစ်၏ ဒုတိယနှစ်ဝက်၌ ဖြစ်ဖွယ်ရှိကြောင်း ကြေညာချက်၌ ပါရှိသည်။

ယင်းစာချုပ်အရ ကုန်ပစ္စည်းအများစုနှင့် ဝန်ဆောင်မှုအပေါ် ကောက်ခံသည့် အခွန်များကို နှစ်ဖက်စလုံးက ဖယ်ရှားရမည် ဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးလွတ်လပ်မှု ဆွေးနွေးပွဲများကို ၂၀၀၂ခုနှစ်နိုဝင်ဘာလ၌ စတင်ခဲ့သည်။ စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှတွင် တောင်ကိုရီးယားနိုင်ငံ၏အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၀၄ ခုနှစ်၌ ဒေါ်လာ ၁၀ဒသမ၁ဘီလီယံအထိ နှစ်ချင်းအလိုက် ၁၆ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ **(အင်တာနက်)**

မှတ်ဉာဏ်ချွတ်ယွင်းနေသည့်လူနာများ သံလိုက်လှိုင်းဖြင့်ကုသက ပြန်ကောင်းနိုင်

အော့တာဝါ ဧပြီ ၁၇

မှတ်ဉာဏ်ချွတ်ယွင်းသည့် ရောဂါခံစားနေရသော လူနာများသည် ရောဂါဖြစ်ခါစအဆင့်တွင် သံလိုက်လှိုင်းဖြင့် ကုသမှုခံယူပါက ၎င်းတို့၏မှတ်ဉာဏ်အချို့သည် ပြန်ကောင်းနိုင်ဖွယ်ရှိကြောင်း ကနေဒါ သုတေသီများက တွေ့ရှိခဲ့သည်။

မွန်ထရီယယ်လ်ဂျူးဝစ် အထွေထွေရောဂါကုဆေးရုံမှ ကနေဒါသုတေသီများသည် အာရုံကြောဆိုင်ရာ အမေရိကန်အကယ်ဒမီကျောင်း၌ ယခုသီတင်းပတ်က တွေ့ဆုံဆွေးနွေးပွဲတွင် အမေရိကန်ပြည်ထောင်စုမီယာမီမှ ဦးနှောက်အထူးကုများနှင့် သိပ္ပံပညာရှင်များအား ၎င်းတို့၏ တွေ့ရှိချက်များကို တင်ပြခဲ့ကြသည်။ လူနာ၏ မှတ်ဉာဏ်များသည် လေးမိနစ်သာ ကြာကြာခံသော်လည်း ဒေါက်တာချတ်ကိုးကမူ မဝေးတော့သည့် အနာဂတ်ကာလတွင် အကျိုးကျေးဇူးများ တိုးတက်လာမည်ဟု မျှော်လင့်ထားသည်။ အနာဂတ်တွင် တစ်ခုမျှော်မှန်းနိုင်သည်မှာ အာရုံလှုံ့ဆော်မှု အမျိုးအစားအချို့ကို နေ့စဉ် သို့မဟုတ် တစ်နေ့လျှင် အချိန်များစွာပေးနိုင်လျှင် မိမိတို့သည် အချိန်အနည်းငယ်ကြာသည့် အကျိုးကို ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မှတ်ဉာဏ်ချွတ်ယွင်းမှုသည် ဦးနှောက်ဆေးမတိုးတော့သည့် ရောဂါဖြစ်ပြီး မှတ်ဉာဏ်မေ့ပျောက်နေသည်ကို ပြန်လည်သတိရရန်နှင့် အခြေအနေတိုးလာမှုကို အရှိန်လျော့သွားရန် လောလောဆယ် နည်းလမ်း မရှိသေးဟုဆိုသည်။ အသက် ၆၅နှစ်ကျော်ရှိကနေဒါ လူမျိုးပျမ်းမျှ ၂၈၀၀၀၀တွင် အဆိုပါရောဂါရှိကြသည်ဟု သိရသည်။ အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့စီးပွားရေးတိုးတက်စေရန် ချမ်းသာသောနိုင်ငံများ၌တာဝန်ရှိ

ဝါရှင်တန် ဧပြီ ၁၈

အဓိကစက်မှုနိုင်ငံများသည် ယင်းတို့၏ စီးပွားရေးအနေအထားနှင့် အချိုးအစားညီမျှသော ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ကိုက်ညီမှုအတွက် တာဝန်ရှိခြင်းကို လက်ခံသင့်ကြောင်း တရုတ်ပြည်သူ့ဘဏ် ဒုတိယအုပ်ချုပ်ရေးမှူး လီဂူကူက စနေနေ့၌ ပြောကြားသည်။

(၁၁)ကြိမ်မြောက် နိုင်ငံတကာ ငွေကြေးကော်မတီ အစည်းအဝေး၌ ထုတ်ပြန်သည့် ကြေညာချက်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို တည်ငြိမ်စေမည့် ဆောင်ရွက်စရာအမျိုးမျိုးရှိကြောင်း လီဂူကူက ပြောကြားထားသည်။

မကြာမီကာလအတွင်း မိမိတို့သည် အကြောင်းကိစ္စသုံးခုကို အနီးကပ်အာရုံစိုက်ရန်လိုအပ်ကြောင်း၊ ယင်းတို့မှာ အမေရိကန်ဒေါ်လာလဲနှုန်းကို ပရမ်းပတာကိုက်ညီမှု၊ ရေရှည်အတိုးနှုန်း ရုတ်တရက်မြင့်တက်မှုနှင့် ရေနံဈေးနှုန်းများ နောက်ထပ်မြင့်တက်မှုတို့ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မညီမျှ

ထို့ပြင် ကမ္ဘာ့စီးပွားရေးသည် အလယ်အလတ်ကာလအတွင်း ဘဏ္ဍာရေးအခြေအနေမကောင်းမှု နိုင်ငံအများအပြားပုံသဏ္ဌာန်ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ တိုးတက်မှု နှေးကွေးခြင်းအပြင် ဒေသတစ်လွှား၌ စီးပွားရေးတိုးတက်မှု ချိန်ခွင်လျှာမညီမျှခြင်းဆိုသော စိန်ခေါ်မှုများကို ဆက်လက်ကြုံတွေ့ရဖို့ ရှိကြောင်းလည်း ၎င်းကပြောကြားသည်။

ဖိအား

ယင်းအကြောင်းအချက်များသည် အလယ်အလတ်ကာလအတွင်း မဟာစီးပွားရေးတည်ငြိမ်မှုကို ထိခိုက်မှုရှိရုံသာမက ကာလတိုစီးပွားရေးလမ်းကြောင်းကိုလည်း ကြီးမားသောဖိအားဖြစ်စေမည်ဟု မစ္စတာလီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဟောင်ကောင်နွေဦးရာသီ အီလက်ထရွန်းနစ်ပြပွဲ ခင်းကျင်းပြသသူများ ပိုမိုလာ

ဟောင်ကောင် ဧပြီ ၁၈

ဟောင်ကောင်နွေဦးရာသီ အီလက်ထရွန်းနစ်ပြပွဲတွင် နိုင်ငံတကာဆိုင်ရာ ပြပွဲခင်းကျင်းပြသသူ ၁၉၀၀ကျော်သည် အတွေးအခေါ်သစ်များ၊ နည်းပညာသစ်များ၊ ပုံစံသစ်များနှင့် ထုတ်ကုန်သစ်များကို ခင်းကျင်းပြသခဲ့ကြသည်။

အဆိုပါပြပွဲကို ကြာသပတေးနေ့၌ ဖွင့်လှစ်ခဲ့ပြီး ပြပွဲရည်ရွယ်ချက်မှာ ဒေသဆိုင်ရာ အီလက်ထရွန်းနစ် အချက်အချာအဖြစ် ဟောင်ကောင်၏ အနေအထားကို အားဖြည့်လောင်းရန် ဖြစ်သည်။

အဆိုပါပြပွဲကို ကုန်သွယ်ရေးဖွံ့ဖြိုးမှုကောင်စီ(တီဒီစီ)၏ အောက်တိုဘာ အီလက်ထရွန်းနစ်ပြပွဲ၏ ဖြည့်စွက်ချက်အဖြစ် ပြီးခဲ့သည့်နှစ် ဧပြီလထဲတွင် ကျင်းပခဲ့သည်။ ယခုနှစ်ပြပွဲမှာ ပိုမိုကြီးမားကျယ်ပြန့်လာခဲ့ရာ ပြပွဲခင်းကျင်းပြသသူ ၃၀ရာခိုင်နှုန်း ပိုလာခဲ့သည်။ ပြပွဲသို့လာရောက်ကြသည့် ဝယ်ယူသူများသည် ဒီဂျစ်တယ်ပုံဖော်မှု၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ အီလက်ထရွန်းနစ်များ၊ အီလက်ထရွန်းနစ် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်သောပြပွဲ၏ ကဏ္ဍသစ်များကို လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ် သည်။ ထို့ပြင် ပြပွဲ၌ အသံနှင့်အမြင်ထုတ်ကုန် ပစ္စည်းများ၊ အီလက်ထရွန်းနစ် အသုံးဆောင်ပစ္စည်းများ၊ ပုဂ္ဂိုလ်သုံးအီလက်ထရွန်းနစ်ပစ္စည်းများအပြင် အိမ်သုံးပစ္စည်းများကိုလည်း ခင်းကျင်းပြသထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီးယူနှင့် နျူကလီးယားကိစ္စ ပြောဆိုဆွေးနွေးရေး ကန်၏ပြောကြားချက် အီရန်တုံ့ပြန်ပြောကြား

တီဟီရန် ဧပြီ ၁၈

ဥရောပသမဂ္ဂ (အီးယူ)နှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယား ကိစ္စရပ်များဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရေးအတွက် လာမည့်နွေရာသီ နောက်ဆုံးထားသတ်မှတ်ရန် အမေရိကန်ပြည်ထောင်စု၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အပေါ် အီရန်နိုင်ငံက တနင်္ဂနွေနေ့တွင် ပြင်းထန်စွာ တုံ့ပြန်ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်တို့အနေဖြင့် မှန်ကန်သော ရပ်တည်ချက်နှင့် ပြောဆိုဆွေးနွေးမှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဟာမစ်ရီဇာအာဆေ့ဖ်က သီတင်းအပတ်စဉ် ဆွေးနွေးမှုများပြုလုပ်ရာ၌ သတင်းထောက်များအား ပြောကြားလိုက်သည်။

မြင်တွေ့လို

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်သည် ဧပြီ၁၄ရက်က ဝါရှင်တန်တွင် ပြောကြားရာ၌ လာမည့်နွေရာသီတွင် နျူကလီးယားကိစ္စရပ်နှင့် ပတ်သက်၍ ဥရောပသမဂ္ဂ(အီးယူ)နှင့် အီရန်နိုင်ငံတို့ ဆွေးနွေးမှုများ ပြုလုပ်သည်ကို မြင်တွေ့လိုကြောင်း ပြောကြားခဲ့သည်။

အီရန်အနေဖြင့် အချိန် ကန့်သတ်မှုကို မလိုလားသော်လည်း နျူကလီးယားကိစ္စရပ်နှင့် ပတ်သက်၍ အီးယူနှင့် ပြောဆိုဆွေးနွေးရန် မကြာမီရက်များတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘေဂျီမြို့အနီး ဖုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တိုက်ဂရစ်မြစ်ကမ်းတစ်လျှောက်ရှိ ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်နေသည်ကို ဧပြီ၁၈ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်သုံးဦး ပစ်ခတ်ခံရ၍သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၈

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့တွင် စနေနေ့၌ သေနတ်သမားများက ပစ်ခတ်သဖြင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အယ်လ်ရှာကီယာ ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

သေဆုံး

သီးခြားဖြစ်ရပ်တွင် စနေနေ့၌ အမည်မသိသော သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အီရတ်ရဲတစ်ဦး ၎င်း၏နေအိမ်ရှေ့၌ သေဆုံးခဲ့ကြောင်း ကယ်ကွတ်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ထို့ပြင် စနေနေ့၌ ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်သို့ သွားရာလမ်းပေါ်တွင် ဘက်စ်ကားငယ်တစ်စီးအား သေနတ်သမားများပစ်ခတ်သဖြင့် ဖိလစ်ပိုင်နှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် သိန်းနီမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး ရှမ်းပြည်နယ်(မြောက်ပိုင်း)မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၉

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၆ ရက် မွန်းလွဲ ၂ နာရီက သိန်းနီမြို့နယ် စယ်အူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းရုံးခန်းတွင် တိုင်းမှူးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက စာသင်ဆောင် တစ်ဆောင်၊ ကျောင်းခန်းမဆောင် တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်သွားမည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးကန်နက စယ်အူဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စယ်အူဒေသအတွင်းရှိ စိုက်ပျိုးမြေများ ရေလုံလောက်စွာ ရရှိရေးအတွက် ဖိုင်ခမ်းဆည် လက်ဝဲမြောင်းအသစ်တူးဖော်မှု၊ နမ့်မျှင်ဆည် လက်ယာမြောင်းလက်တက် ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် ကျောင်းဝင်းအတွင်း တိုးချဲ့ကျောင်းဆောင် နှစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် စယ်အူကျေးရွာရှိ ဒေသခံတိုင်းရင်းသား ဦးကန်န၏ နှစ်ရှည်ကွဲကော၊ လိမ္မော်နှင့် လိုက်ချီး ဧက ၃၀ စိုက်ခင်းသို့ လည်းကောင်း၊ နောင်မောင်းကျေးရွာရှိ သိန်းနီတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၏ ဖိုင်ခမ်း ဆည်ရေသောက် တစ်ဆက်တစ်စပ်တည်း နွေစပါးစံပြ ဧက ၅၀၀ စိုက်ခင်းသို့လည်းကောင်း၊ သိန်းနီမြို့အဝင် မြို့မကွင်းရှိ ဒေသခံတောင်သူ ဦးစိုင်းဆာထွန်း၊ ဦးစိုင်းပါဝင်း၊ ဒေါ်ဆိုင်းဆာနှင့် ဦးမာလတို့၏ နွေစပါးစိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် သိန်းနီမြို့အဝင် မြို့မကွင်းရှိ အထူးအထွက်တိုး ဆင်းရွှေလီနွေစပါးစံပြဧက ၂၀၀၀ စိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား သိန်းနီမြို့နယ် ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်အတွင်း ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါး ၂၅၃၂ ဧက စိုက်ပျိုးထုတ်လုပ်မှု၊ မိုးစပါးစိုက်ပျိုးရန် ဆင်းရွှေလီစပါးမျိုးစေ့များ ဖြန့်ဖြူးပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိန်းနီဒေသအတွင်း နွေစပါး စိုက်ပျိုးရန် ဖိုင်ခမ်းဆည်၊ နမ့်မျှင်ဆည်တို့မှ ရေသွယ်မြောင်းများဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ညနေ ၅ နာရီတွင် သိန်းနီမြို့နယ် စံလောင်းစံပြကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား တွေ့ဆုံအားပေးကာ ဆေးရုံအတွင်း လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာဌာနတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့ မြို့တော်ခန်းမရှေ့ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မဟာသင်္ကြန် ပြည်ထောင်စု ဗဟိုဆုပေးမဏ္ဍပ်သို့ ရောက်ရှိပြီး ဒေသခံပြည်သူများ ပျော်ရွှင်စွာဖြင့် အတာရေပက်ဖျန်း ကစားမှုများနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၊ ယိမ်းအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များ၏ ခါသင်္ကြန်အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

တက်ရောက်အားပေး

ညပိုင်းတွင် တိုင်းမှူးသည် ပြည်ထောင်စု ဗဟိုဆုပေးမဏ္ဍပ်၌ကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးနှင့် တာဝန်ရှိသူများက ပြည်ထောင်စု ဗဟိုဆုပေးမဏ္ဍပ်၌ ပါဝင်ဖျော်ဖြေခဲ့ကြသည့် တေးဂီတအဖွဲ့ဝင်များ၊ ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဂုဏ်ပြုဆုရရှိကြသည့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်က ယိမ်းအကပြိုင်ပွဲ ပဋ္ဌမ၊ စတုတ္ထနှင့် တတိယဆုရရှိကြသည့် ယိမ်းအဖွဲ့များအား လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဒုတိယနှင့် ပထမဆုရရှိကြသည့် ယိမ်းအဖွဲ့များနှင့် အလှပြယာဉ်ဆုရရှိကြသည့် အလှပြယာဉ်များအား လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၊ ဆုရယိမ်းအဖွဲ့ဝင်များက ခါသင်္ကြန်အဆို၊အကများဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ယိမ်းအဖွဲ့ဝင်များက ပြည်ထောင်စုဗဟိုဆုပေးမဏ္ဍပ်ပေါ်တွင်နေရာယူကြပြီး မြနန္ဒာသီချင်းဖြင့် စုပေါင်းသီဆိုကပြ ဖျော်ဖြေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောက်မြို့နယ်အသင်း (ရန်ကုန်) (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဂုဏ်ပြုပွဲနှင့်နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဧပြီ ၃ ရက်က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ တရားရုံးချုပ်မဏ္ဍပ်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညီမောင်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော မဝင်းဝင်းနိုင်အား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

နွေရာသီ ဂေါက်သီးသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၉

မျိုးဆက်သစ် ဂေါက်သီးရိုက်လူငယ်များ ပေါ်ထွက်လာစေရေးနှင့် ဂေါက်သီးရိုက်အားကစားကို စနစ်တကျ သင်ယူတတ်မြောက်ရေးကို ရည်ရွယ်လျက် Han Golf Masters ဂေါက်သီးရိုက်သင်တန်းကျောင်းမှ နွေရာသီလူငယ်ဂေါက်သီးရိုက်သင်တန်းများကို ဧပြီ ၂၂ ရက်မှစတင်၍ ပန်းလှိုင်ဂေါက်ကွင်း၌ အဆင့်အတန်းမြင့်မားစွာဖြင့်စာတွေ့၊ လက်တွေ့သင်ကြား လေ့ကျင့်ပေးမည်ဖြစ်သည်။

ဖွင့်လှစ်မည့်သင်တန်းများမှာ အခြေခံဂေါက်သီးရိုက်သင်တန်းနှင့်ကွင်းပတ်အဆင့် ဂေါက်သီးရိုက်သင်တန်းတို့ပါဝင်ပြီး သင်တန်းကာလမှာ သုံးပတ်ဖြစ်သည်။ ယင်းသင်တန်းသို့တက်ရောက်လိုသူ လူငယ်ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် Han Golf Masters ရုံးခန်းအမှတ်(၁၅/အေ) ကမ္ဘာ့ဧလမ်း ရွှေတောင်ကြားရပ်ကွက် ဗဟန်းမြို့နယ် ဖုန်း-၅၄၂၉၈၉သို့ လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဒီဂရီကောလိပ် ကျောင်းသားကျောင်းသူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၁၉

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယနေ့နံနက် ၁၀ နာရီက သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဘဏ်လုပ်ငန်းများ၊ ဟိုတယ်များ၊ Shopping Centre များ၌ လုပ်ငန်းခွင် လက်တွေ့ကွင်းဆင်းသင်ယူကြမည့် ရန်ကုန်သမဝါယမဒီဂရီကောလိပ် နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သမဝါယမဘဏ်၊ မြဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ ကုန်သည်ကြီးများဟိုတယ်၊ ဟိုတယ် NIKKO၊ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၊ ဆန်းမစ်ပတ်ဗျူးဟိုတယ်၊ ဘလေဇွန် Shopping Centre၊ ဆာကူရာကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ရန်ကုန်သမဝါယမဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက လုပ်ငန်းခွင် လက်တွေ့ ကွင်းဆင်းသင်ယူခြင်း အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

နှုတ်ခွန်းဆက်စကား

ယင်းနောက် လုပ်ငန်းရှင်များကိုယ်စား ကုန်သည်ကြီးများဟိုတယ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးမန်နေဂျာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အတွေ့အကြုံ

ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် နောက်ဆုံးနှစ်မှ ကျောင်းသား ကျောင်းသူ ၉၂ ဦးအား ဘဏ်များ၊ ဟိုတယ်များ၊ Shopping Centre များ၌ လုပ်ငန်းခွင် အတွေ့အကြုံ ရရှိစေရန်အတွက် တစ်လကြာ နွေရာသီလက်တွေ့ကွင်းဆင်း လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဘဏ်များ၊ဟိုတယ်များနှင့် Shopping Centre များတွင် လုပ်ငန်းခွင် လက်တွေ့ကွင်းဆင်း သင်ယူကြမည့် ရန်ကုန်သမဝါယမဒီဂရီကောလိပ်မှ နောက်ဆုံးနှစ် ကျောင်းသူ ကျောင်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သမဝါယမ)

တီဘီရောဂါ ကာကွယ်နှိမ်နင်းရေး

(က) **ရောဂါဖြစ်ပွားကူးစက်ပုံ**

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင်ချောင်းဆိုးခြင်း၊ နှာချေခြင်းသလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ကူးစက်သည်။
- အသက်အရွယ်မရွေးလူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) **ရောဂါလက္ခဏာများ**

- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ်(၃)ပတ်နှင့်အထက်)၊
- ချောင်းဆိုးသွေးပါခြင်း၊
- သလိပ်တွင်သွေးပါခြင်း၊
- အဖျားတာရှည်ခြင်း၊
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း၊
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း၊
- ကျောရင်အောင့်ခြင်း။

(ဂ) **ကြိုတင်ကာကွယ်ခြင်း**

- ရင်သွေးငယ်များအား ကာကွယ်ဆေး(ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပုဝါကို အသုံးပြုပါ။
- သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ။

(ဃ) **ကုသမှုခံယူခြင်း**

- "တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု" နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံးကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါသံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုဆု ရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ မြဝတီနှင့်ငွေတာရီ မဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး စာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကား

အစီအစဉ်အရ ရှေးဦးစွာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က မြဝတီစာပေ တိုက် ၂၀၀၄ ခုနှစ် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး စာမူဆုနှင့်မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုများကို ချီးမြှင့်ရာ မြဝတီဝတ္ထုရှည် အကောင်းဆုံးဆုရ မောင်ရည်သွေး၊ ငွေတာရီဝတ္ထုရှည် အကောင်းဆုံးဆုရ မဝင်းလှဲ့ဖြူ၊ မြဝတီဝတ္ထုတို အကောင်း ဆုံးဆုရ စိမ်းစိုဦး၊ ငွေတာရီဝတ္ထုတို အကောင်းဆုံးဆုရ မအူပင်လွင့်ကျော်၊ မြဝတီဆောင်းပါး အကောင်းဆုံးဆုရ ညွန့်ဟံ(ကြူတော)၊ငွေတာရီဆောင်းပါး အကောင်းဆုံးဆုရ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ မြဝတီကဗျာ အကောင်းဆုံး ဆုရ ကို(တက္ကသိုလ်)၊ ငွေတာရီကဗျာ အကောင်းဆုံးဆုရ မြေလတ်မင်းလွင်၊ ငွေတာရီ ကာတွန်း အကောင်းဆုံး ဆုရ မောင်တင်ယုနှင့် မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ မာလာဝင်း (မြစ်သာစည်)တို့အား ဆုများချီးမြှင့် သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မြဝတီ ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားထုတ် လွှင့်မှု အခြေခံသင်တန်း အမှတ်စဉ် (၁)တွင်တက်ရောက်ပြီး လက်ရှိ၁၀နှစ် ပြည့်တိုင်အောင် ဆက်လက်တာဝန် ထမ်းဆောင်နေကြဆဲဖြစ်သောဝန်ထမ်း ၃၇ဦး ကိုယ်စား တည်းဖြတ်ဌာနမှ အရာခံဗိုလ်(အစားခန့်) မြင့်မြင့်ကြည်၊ မြဝတီရုပ်မြင်သံကြားမှ အကောင်းဆုံး တည်းဖြတ်ဆုရ ဒုအရာခံဗိုလ်(အစား ခန့်)လွင်မာထွေး၊ အကောင်းဆုံး နိုင်ငံ တကာသတင်း တည်းဖြတ်ထုတ်လွှင့်မှု ဆုရ တပ်ကြပ်ကြီး(အစားခန့်)ဝင်း ဝင်းခိုင်၊အကောင်းဆုံးထုတ်လုပ်ရေးမှူး ဆုရ တပ်ကြပ်ကြီး(အစားခန့်)နွယ် နွယ်မြိုင်၊ အကောင်းဆုံး သတင်း ကြေညာသူဆုရ တပ်ကြပ်ကြီး(အစား ခန့်)အေးအေးခိုင်၊ အကောင်းဆုံးမှတ် တမ်းထိန်းသိမ်းမှုဆုရ ဒုအရာခံဗိုလ် (အစားခန့်)ပြုံးပြုံးကြည်၊ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရ ဒုအရာခံဗိုလ် လှငွေ၊ မြဝတီရုပ်မြင်သံကြားမှ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရ အရာခံဗိုလ်(အစားခန့်)မောင်မောင်ဦး၊ အကောင်းဆုံး အစီအစဉ်မှူးဆုရ တပ် ကြပ်ကြီး(အစားခန့်) မေဦးလှိုင်နှင့် စက်မှုဌာန ဂုဏ်ပြုဆုကို စက်မှုဌာန ကိုယ်စား စက်မှုဌာနမှူး ဗိုလ်မှူးမျိုး ဝင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် စစ်ဥပဒေချုပ် ဗိုလ်ချုပ် စိုးမောင်က စီမံထုးချွန်တံဆိပ်(ဒုတိယ ဆင့်)ရ မြဝတီစာပေတိုက်မှ ဒုတိယ ဗိုလ်မှူးကြီးတင့်ဝေ၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်)ရ ရတနာပုံသတင်း စာတိုက်မှ ဗိုလ်မှူးတင်ထွန်းဦး၊ စီမံထူး ချွန်တံဆိပ်(တတိယဆင့်)ရ ကာကွယ် ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေး နှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်း၊ စီမံထူးချွန် တံဆိပ်(တတိယဆင့်)ရ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်သန်းညွန့်ဦး၊ စီမံထူးချွန် တံဆိပ်(တတိယဆင့်)ရ မြဝတီစာပေ တိုက်မှ ဦးမောင်မောင်ကြည်၊ စီမံ ထူးချွန်တံဆိပ်(တတိယဆင့်)ရ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒုံ)မှ အထက်တန်းပြ ဆရာမ ဒေါ်တင်တင်အေးနှင့် စီမံထူးချွန် တံဆိပ်(တတိယဆင့်)ရ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်)အေးစန္ဒာကြည် တို့အား ဆုများချီးမြှင့်သည်။ ယင်း နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ဒွါဒသမ အကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံ ပညာ(၅နှစ်မှ၁၀နှစ်)အက ပထမဆုရ အထက(၂) မင်္ဂလာဒုံမှ မကြည်နူး ပွင့်၊ အခြေခံပညာ(၁၀နှစ်မှ၁၅နှစ်) ဒုံမင်းအတီးပြိုင်ပွဲ တတိယဆုရ အထက(နတ်စင်ကုန်း)မှ မခိုင်သန္တာ စိုးနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ (ဗဟိုအဆင့်)ပြိုင်ပွဲ စစ်သည်တော် ကျင့်ဝတ် ပထမဆုရ မြဝတီစာပေ တိုက်မှ ဒုတိယတပ်ကြပ်အောင်မြင့်ဦး၊ ကဗျာရှည် ပထမဆုရ ထုတ်လုပ်ရေး တပ်(ပြည်သူ့ဆက်ဆံရေး)မှတပ်ကြပ် ကြီး/စာရေးဆရာ ခင်မောင်ဦး၊ကျပန်း စကားပြောပြိုင်ပွဲ ဒုတိယဆုရ မြဝတီ သတင်းစာတိုက်မှ တပ်သား ကောင်း မြတ်ထွေး၊ ကျပန်း စကားပြောပြိုင်ပွဲ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်း၊ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ တတိယဆုရ ကာကွယ် ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြား ရေးမှူးရုံးမှ ဗိုလ်ကြီးဇော်မိုးလွင်၊ ဝတ္ထုရှည် တတိယဆုရ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး ရုံးမှ တပ်ကြပ်ကြီး/စာရေးဆရာ အောင်ကျော်မိုး၊ စစ်ရေးအဆင့်(၁) စစ်ရေးသီချင်းတတိယဆုရတပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်)လေးနိုင်၊ အဋ္ဌမ အကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကျောင်းပေါင်းစုံ တင်းနစ်ပြိုင်ပွဲ မီနီ တင်းနစ် ပထမဆုရ အထက(၁၈)၊ မန္တလေးမှ မခင်မေသောင်း၊ မောင်ဖြိုး မြတ်ဦးနှင့် မနွယ်နွယ်ထွန်းတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ဦး၊ ဒုတိယ ဗိုလ်မှူးကြီးတင့်လွင်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဆန်းနှင့် ဒုတိယဗိုလ်မှူးကြီး အောင်သူတို့က မြဝတီရုပ်မြင်သံကြား တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြ သည့် အတတ်ပညာရှင်များနှင့် မြဝတီ စာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက် ပေးခဲ့ကြသည့် စာပေနှင့်ဓာတ်ပုံပညာ ရှင်များအား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် တက်ရောက်လာကြ သော ဧည့်သည်တော်များအား ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေ တင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည် နေ့နှင့် မြဝတီစာပေတိုက်နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင် မြဝတီရုပ်မြင် သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီ စာပေတိုက် နှစ်ပတ်လည်ဆုများချီးမြှင့်ပွဲ အခမ်း အနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဧပြီ ၁၉

ကြည့်မြင်တိုင် မြို့နယ်လုံးဆိုင်ရာ စေတနာသဗ္ဗာရ ဝတ်အသင်း၏ အမှတ်၅၄ ဘောဂလမ်းရှိ ဓမ္မာရုံတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ပြည်လုံး ချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၂၅)ကြိမ် မြောက် ငွေရတုအသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၄ ရက် မွန်းတည့် ၁၂ နာရီမှ ၂၉ ရက် ညနေ ၆နာရီအထိ ၁၂၆နာရီတိတိ ရွတ်ဖတ် ပူဇော်ပြီးလျှင် ဧပြီ၃၀ရက်၌ ဘုရား အမှူးရှိသော ပင့်သံဃာ ၂၄ ပါးတို့အား ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ် သည်။ မေ ၁ ရက် ညနေ ၆ နာရီ၌ ဘောဂရပ်ကွက်နှင့် ဈေးကလေး ရပ်ကွက်များအတွင်းသို့ အန္တရာယ် ကင်း ဒေသစာရီကြွချီအပူဇော်ခံမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

❐ ကျောဖုံးမှ

ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု လွယ်ယင်းတောင်ခြေ ကျေးလက်တံတား ပြန်လည်ပြုပြင်တည်ဆောက်ရန် အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဒီးဒီး၊ အငယ်တန်းအင်ဂျင်နီယာဦးဇော်မင်း ထွန်းတို့သည် မတ်၂၄ရက်တွင် ကွင်းဆင်းတိုင်းတာပြီး မိုးမကျမီ အပြီးဆောင်ရွက်နိုင်ရန် စီစဉ်ခဲ့သည်။ အဆိုပါ တံတားပြီးစီးသွားပါက မိုးဗြဲကျေးရွာ၊ လွယ်ယင်းမင်္ဂလာကျေးရွာ၊ လွယ်ယင်းတောင်ခြေကျေးရွာ၊ နမ့်မယ်ခုံကျေးရွာ နှင့် ဒီမောဆိုမြို့များသို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်သည်။

ပင်းတယ

ပင်းတယမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပင်းတယ-ရွာငယ်ကျေးရွာသွားလမ်းပေါ်၌တည်ရှိသည့် ရွာငယ်တံတားအရှည် ၈၅ပေ၊ အကျယ် ၂၄ပေ၊ အမြင့် ၃၂ပေရှိ သံကူကွန်ကရစ်တိုင်၊ ရက်မတည်ဆောက်နေမှုကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ပင်းတယ-ရွာငယ်တံတားပြီးစီးပါက ပင်းတယမှရွာငယ်ကျေးရွာ၊ သစ်အယ်ပင်ကျေးရွာ၊ သရက်ပြား ကျေးရွာများသို့သွားလာနိုင်ပြီး ယင်းမှတစ်ဆင့် ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာသို့ လွယ်ကူလျင်မြန်စွာ ခရီးသွားရောက်နိုင်ရုံသာမက တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဟဲဟိုးသို့ ခရီးဆက်သွယ် သွားရောက်နိုင်မည်ဖြစ်သည်။

မုံရွာ

စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် မုံရွာမြို့နယ်စည်ပင် သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်၌ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၈၇ဒသမ၃သိန်းနှင့် အဖွဲ့ ရန်ပုံငွေကျပ်သိန်း၂၀၀တို့ဖြင့်ဆောင်ရွက်သော အမြင့်-ညောင်ပင်ဇောက် ကျေးလက်လမ်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်တာဝန်ခံ အင်ဂျင်နီယာနှင့်အတူ ဧပြီ၄ရက်တွင် သွားရောက်စစ်ဆေးသည်။

အဆိုပါ အမြင့်-ညောင်ပင်ဇောက် ကျေးလက်လမ်းကိုအပိုင်းသုံးပိုင်းခွဲ၍ အရှည်တစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၂ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လက်ရှိကတ္တရာလမ်းအရှည်ပေ ၆၉၆၀ ပြုပြင်ခြင်းနှင့် အရှည်နှစ်မိုင်နှစ်ဖာလုံ၊ အကျယ်၁၂ပေ ကျောက်ချောလမ်းခင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ ကျေးလက်လမ်းသည် ကျေးရွာပေါင်း၃၀ကျော် အသုံးပြုလျက်ရှိသော ကျေးလက်လမ်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်က လုပ်ငန်းရှင်များကို တစ်လှေတည်းစီး တစ်ခရီးတည်းသွား လုပ်ဖော်ကိုင်ဖက်အဖြစ်သဘောထား လုပ်ကိုင်ခွင့်နှင့် ပံ့ပိုးကူညီမှုများကို လုပ်ငန်းရှင်များအား နှုတ်ကပြောကြားသလို လက်တွေ့လည်းဆောင်ရွက်ပေးနေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်လျက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါပြီး ရခိုင်ပြည်နယ် သံတွဲခရိုင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပြုလုပ်ရေးအတွက် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

အောင်မြင်တိုးတက်ရေး

သံတွဲဒေသရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးတို့အတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ တနင်္သာရီဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာ၌ နိုင်ငံတော်အကြီးအကဲက လုပ်ငန်းရှင်များအပေါ် နိုင်ငံတော်၏သဘောထားကို ပြောကြားခဲ့ရာ၌ မိမိတို့အနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်လျက်ရှိသလို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုလည်း တည်ဆောက်ပေးနေကြောင်း။

အင်အားစုတစ်ရပ်

ယင်းသို့ အနာဂတ်တွင်ပေါ်ထွန်းလာမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အတွက် တည်ဆောက်ရေးဖြစ်စဉ်အဆင့်ဆင့်တွင် လုပ်ငန်းရှင်များကို အင်အားစုတစ်ရပ်အနေဖြင့် ဖြစ်တည်လာအောင် ဖွဲ့စည်းတည်ဆောက်ပေးလျက်ရှိကြောင်း။

လုပ်ငန်းရှင်များ၏ စေတနာထားလုပ်ကိုင်မှုများသည် နိုင်ငံတော်အတွက် အရေးကြီးသည်ဖြစ်သည့်အလျောက် နိုင်ငံတော်အပိုင်းက လုပ်ငန်းရှင်များကို တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေသည့် လက်တွဲရမည့်လုပ်ဖော်ကိုင်ဖက် အင်အားစုတစ်ရပ်ဟု သဘောထားပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း။

လက်တွေ့ဆောင်ရွက်ပေးနေ

လုပ်ငန်းရှင်များနှင့် တွေ့ကြုံရတိုင်းလည်း နိုင်ငံတော်အပိုင်းက လုပ်ငန်းရှင်ပြည်သူများအား လုပ်ကိုင်ခွင့်များ တိုးမြှင့်ပေးမှု၊ ကူညီပံ့ပိုးပေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နှုတ်ကပြောကြားလျက်ရှိသလို လက်တွေ့လည်း ဆောင်ရွက်ပေးနေသည်ကို သတိပြုမိကြမည်သာဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်က လုပ်ငန်းရှင်များအပေါ် လုပ်ကိုင်ခွင့်တိုးမြှင့်ပေးမှု၊ အကူအညီပေးမှု၊ ဥပဒေအရ အကာအကွယ်ပေးမှုများကို မျက်ခြည်မပြတ်စေဘဲ လုပ်ပေးနိုင်သမျှ အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုလည်း သံတွဲဒေသအတွင်း လုပ်ငန်းဆောင်တာများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များရှိပါက ကူညီပံ့ပိုးပေးနိုင်ရေးတို့အတွက် မိမိတို့ လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

စေတနာထားလုပ်ကိုင်

လုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့် ပြည်သူများအတွက် စေတနာထားလုပ်ကိုင်ကြပါမှ ဒေသလည်း ဖွံ့ဖြိုးပြီး ဒေသခံပြည်သူများလည်း စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားလာကြမှာဖြစ်ကြောင်း။

ယခု နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်တွင် ယင်းရည်ရွယ်ချက်နှင့်အညီ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏အကျိုး၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာဒေသ၏ အကျိုးတို့အတွက် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး တိုးတက်ဆောင်ရွက်နိုင်ရေးတို့အတွက် ကူညီပံ့ပိုးပေးရန် ယနေ့တွေ့ဆုံရခြင်းဖြစ်ကြောင်း ပဏာမပြောကြားသည်။

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆားထုတ်လုပ်မှုလုပ်ငန်းရှင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သံတွဲဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေး

နိုင်ငံတော်နှင့်ပြည်သူအတွက် စေတနာထားလုပ်ကိုင်

- ❑ အနာဂတ်တွင် ပေါ်ထွန်းလာမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် အတွက် တည်ဆောက်ရေးဖြစ်စဉ်အဆင့်ဆင့်တွင် လုပ်ငန်းရှင်များကို အင်အားစု တစ်ရပ်အနေဖြင့် ဖြစ်တည်လာအောင် ဖွဲ့စည်းတည်ဆောက်ပေးလျက်ရှိ။
- ❑ နိုင်ငံတော်က လုပ်ငန်းရှင်များအပေါ် လုပ်ကိုင်ခွင့်တိုးမြှင့်ပေးမှု၊ အကူအညီပေးမှု၊ ဥပဒေအရ အကာအကွယ်ပေးမှုများကို မျက်ခြည်မပြတ်စေဘဲ လုပ်ပေးနိုင်သမျှ အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိ။
- ❑ လုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့် ပြည်သူများအတွက် စေတနာထားလုပ်ကိုင်ကြပါမှ ဒေသလည်း ဖွံ့ဖြိုးပြီး ဒေသခံ ပြည်သူများလည်း စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားလာကြမှာဖြစ်။

လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက သံတွဲဒေသ၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအမံများ၊ ရေရရှိရေးဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သံတွဲဒေသ၌ သိပ္ပံနည်းကျ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရခိုင်ပြည်နယ်၌ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်ရေးနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက သံတွဲဒေသ၌ စက်သုံးဆီရောင်းချပေးနေမှုအခြေအနေနှင့် ရခိုင်ကမ်းရိုးတန်း၌ သဘာဝဓာတ်ငွေ့တွေ့ရှိမှုနှင့် တူးဖော်ထုတ်လုပ်သွားမည့် အစီအမံများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားလာမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့်လူငယ်များအား အောင်စာရင်းထွက်ပြီးသည်နှင့်တစ်ပြိုင်နက် စက်မှုကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးပြီး အစိုးရ နည်းပညာကောလိပ်သို့ ပေါင်းကူးတက်ရောက်ခွင့်ပြုမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရေအားလျှပ်စစ်စီမံကိန်းများ

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက သံတွဲဒေသ၌ သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ သံတွဲချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိန်တလီရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သံတွဲဒေသ၌ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေနှင့် သံတွဲဒေသရှိ မိုးလေဝသနှင့် ဇလဗေဒစခန်းများမှ ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ မိုးလေဝသအခြေအနေသတင်းများ ထုတ်လွှင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နှစ်ရှည်သီးနှံတိုးချဲ့စိုက်ပျိုး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာ၌ မြေပြန့်သာမဟုတ် တောင်ကုန်းတောင်စွယ်များ၌လည်း ရော်ဘာကဲ့သို့ နှစ်ရှည်သီးနှံများ စိုက်ပျိုးနိုင်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရာ၌ ဒေသခံ တောင်သူလယ်သမားများအနေဖြင့် အရင်းအနှီးများသော လုပ်ငန်းရှင်များကသာ လုပ်ကိုင်နိုင်သည်ဟု အစွဲအလမ်းရှိနေကြကြောင်း၊ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရင်း ကြိုးစားအားထုတ်ပါက ဒေသခံပြည်သူများ၏ လုပ်ငန်းများက ပိုမိုအောင်မြင်သည်ကို လက်တွေ့တွင် တွေ့မြင်ရကြောင်း။

ကြိုးစားဆောင်ရွက်

လုပ်ငန်းရှင်များအနေဖြင့်လည်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင်သာ အားစိုက်လုပ်ကိုင်နေကြပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းပိုင်းတွင် အားနည်းသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထူးသဖြင့် စက်မှုကဏ္ဍများဖြစ်သော ကုန်ထုတ်လုပ်မှုအပိုင်းကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပပို့ကုန် ထုတ်လုပ်မှုလုပ်ငန်းများ၊ မြေယာအခြေပြု စက်မှုလုပ်ငန်းများကို အားပေးသွားရန်ဖြစ်ကြောင်း၊ အလားတူပင် မြေယာသစ်ချဲ့ထွင်စိုက်ပျိုးသော သီးနှံများကို ပြည်ပသို့ တင်ပို့ခွင့်ပြုလျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ တက်ကြွစွာပါဝင်ကြိုးပမ်းဆောင်ရွက်မှုများသည် ပဓာနကျကြောင်း၊ မိမိတို့ခေတ်ကာလတွင် ကိုယ့်အားကိုယ်ကိုးပြီး အစိုးရ–ပြည်သူ–တပ်မတော်တို့၏ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့မှုကြောင့် ထူးခြားသည့် အောင်မြင်ဖြစ်ထွန်းမှုများ ရလာခြင်းဖြစ်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အလုပ်ကြိုးစားဆောင်ရွက်မှုများရှိနေပါက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်သာဖြစ်ကြောင်း။

အလွန်အရေးကြီး

ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း နိုင်ငံတော်အစိုးရ၏ ပြည်သူအပေါ် စေတနာကောင်းထားရှိမှု၊ ပြည်သူအပေါ် ယုံကြည်အားထားမှုတို့ကို လက်တွေ့နယ်ပယ်တွင် ပြည်သူများ သိမြင်ခံစားရပါက နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ယခုထက် ပိုမိုတက်ကြွစွာ ပါဝင်လာမှာဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများ၏ စေတနာထား၍ ဆောင်ရွက်မှုများသည် အလွန်အရေးကြီးပါကြောင်း။

တူညီသောယုံကြည်ချက်

နိုင်ငံတော်၏ စေတနာ၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်တို့ကို သိမြင်ပြီး တူညီသော ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝခိုင်မာစွာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်သန့်ရှင်းသာယာရေးဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည့် အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် ပါရမီလမ်းဆုံအနီးသို့ရောက်ရှိလာပြီး ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းလျက်ရှိသည့်အခြေအနေကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၁၀၀၀၊ အကျယ်၁၃ပေရှိ ငမိုးရိပ်ချောင်းဖြတ် သာကေတ ဘောလီသံပေါင်တံတားဟောင်း၏ အောက်ခံကြမ်းခင်းသစ်သားတုံးများ အသစ်ပြန်လည်လဲလှယ် ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်းတစ်လျှောက် စက်ယန္တရားဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ခင်းကျင်းလျက်ရှိသည့်လမ်းများ အရည်အသွေးစံချိန်စံညွှန်းမီစွာ အမြန်ပြီးစီးရေးနှင့် ခင်းကျင်းပြီးစီးသည့် လမ်းများနှင့် တံတားများ ရေရှည်ခိုင်ခံ့မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖျာပုံကံဦးဆရာတော်အား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၉

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပူဇော်ခံရသော ဖျာပုံမြို့ သီရိမင်္ဂလာကံဦး ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ (ဓမ္မာစရိယ)နှင့် မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးကိုးပါးတို့အား တပည့်ဒါယကာ ဒါယိကာမများက မေ ၁ရက် မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ (၄) ရပ်ကွက် သီရိမင်္ဂလာကံဦး ပရိယတ္တိစာသင်တိုက် ဓမ္မကာရီ သုံးထပ်ကျောင်းဆောင်သစ်ကြီး၌ ဂုဏာဝိသေဒ္ဒ သဘင်ဖြင့် ပူဇော်ချီးမြှောက်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

စီးပွားရေးလုပ်ငန်း မှတ်ပုံတင်ခြင်းဟောပြောမည်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပမည့် "စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သော ဥပဒေ"နှင့် ပတ်သက်သော Seminor ကို မေ ၂၃ ရက်(စနေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ လှိုင်မြို့နယ် MICT Park (Room - 205) တွင် ဟောပြောမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်များနှင့် တကွ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ရုံးခန်း ဖုန်း–၆၅၂၂၃၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် ဂုဏ်ပြု ဆုချီးမြှင့်

ရန်ကုန် မေ ၁၉

၁၃၆၆ခုနှစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ အခမ်းအနားကို ဧပြီ၁၆ရက် ညနေ၆နာရီက မြစ်ကြီးနားမြို့ စည်ပင်သာယာဈေးကြီးရှေ့ ဗဟိုမဏ္ဍပ်၌ကျင်းပသည်။ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယိမ်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဗဟိုမဏ္ဍပ်မှ ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက သင်္ကြန်မဏ္ဍပ် ပထမဆုရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရေသဘင်မဏ္ဍပ်ကိုလည်းကောင်း၊ ယိမ်းအကတစ်ဦးချင်း အကောင်းဆုံးဆုများကိုလည်းကောင်း၊ တေးဂီတအဖွဲ့လိုက်ဆုရရှိကြသူများကိုလည်းကောင်း ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့က ယိမ်းအကပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ယိမ်းအဖွဲ့များကိုလည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်မဏ္ဍပ် ဒုတိယနှင့် တတိယဆုရ သင်္ကြန်မဏ္ဍပ်များကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်မြို့နယ် အမှတ် (၇) ရပ်ကွက်မှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ၁၁ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၃၄၉)

ဆင်အန္တရာယ် သစ္စာနှင့် ကာကွယ်

ခြင်ကျား (မအူပင်)

ခြင်ကျားတော်လို့ တတ်လို့ရယ် မဟုတ်ပါဘူး။ ဖတ်ထား၊မှတ်ထားတာနဲ့ ယှဉ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ သတင်းထုတ်ပြန်ရေးကော်မတီက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)က တစ်ဖက်သတ်စွပ်စွဲ ဖိအားပေးနေမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းထုတ်ပြန်ချက်ကို ဥပမာတစ်ခုပေးချင်ပါတယ်။ ဒီဥပမာကတော့ ဆင်ကြီးနှစ်ကောင်နဲ့ ဥပမာပေးလိုတာပါ။ ပထမဆင်ကတော့ ငါးရာ့ငါးဆယ် နိပါတ်တော်လာ မဟာဥမ္မဂ္ဂ အတိတ်ဇာတ်ထဲက ဆင်ကြီးနဲ့ ဒုတိယဆင်ကတော့ ငါးရာ့ငါးဆယ် နိပါတ်တော်လာ မာဃဇာတ်ထဲက ဆင်ကြီးပါပဲဗျာ။

ဒီဥပမာကို မစမီ ဆင်ကြီးတွေအကြောင်း ပြောကြပါစို့။ ILOဆိုတာ ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization) ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉-၄-၄၈ရက်နေ့မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပြီး ၁၈-၅-၄၈ရက်နေ့မှာ ILOကို ဝင်ရောက်ခဲ့ပါတယ်ဗျာ။

အမည်ရဲ့ အဓိပ္ပာယ်ဖော်ပြချက်အရ ILOဆိုတာ ကမ္ဘာ့အလုပ်သမားထုရဲ့အကျိုးကို သယ်ပိုးထမ်းဆောင်ရမှာ ဖြစ်တယ်။ ဒါ့ကြောင့်လည်း မြန်မာနိုင်ငံဟာ ILOပြဋ္ဌာန်းချက် ၁၉ ချက်ကို အစဉ် လိုက်နာကျင့်သုံးခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ ILO ဟာ ကျွန်တော်တို့နိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲဆုံးဖြတ် ဖိအားပေးမှုတွေ လုပ်လာခဲ့တယ်။

မူရင်းအစကတော့ ၁၉၉၁ခုနှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ICFTU က အလုပ်သမားကိုယ်စားလှယ် ၂၅ဦးဟာ အင်အားကြီးနိုင်ငံအချို့ရဲ့ ပယောဂနဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲ တိုင်ကြားခဲ့ပါတယ်။ ICFTU ဆိုတာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့မှာ အခြေစိုက်တဲ့ အလုပ်သမားအဖွဲ့ ဖြစ်ပါတယ်။

ICFTU ရဲ့ ၇-၅-၉၉ရက်နေ့သတင်းထုတ်ပြန်ချက်အရဆိုရင် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ FTUB ဆိုတဲ့ ပြည်ပြေးအကြမ်းဖက် ဂိုဏ်းကရရှိတဲ့ မမှန်ကန်သော သတင်းအထောက်အထားကို အခြေခံပြီး မြန်မာနိုင်ငံအပေါ် စွပ်စွဲတိုင်ကြားတာလို့ သိရပါတယ်။

ပထမက FTUB ရဲ့ ဥက္ကဋ္ဌဟာ ပြည်ပြေးစိန်ဝင်းဖြစ်ပြီး မောင်မောင် (ခေါ်) ပြည်သစ်ညွှန့်ဝေက အတွင်းရေးမှူး ဖြစ်ပါတယ်။ ပြည်သစ်ညွှန့်ဝေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွှန့်ဝေရဲ့သား ဖြစ်ပါတယ်။

ပြည်သစ်ညွှန့်ဝေဟာ ၁၉၇၇ ခုနှစ်က ဘူမိဗေဒဘွဲ့ရပြီး အဲဒီနှစ်မှာပဲ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှာ အလုပ်ဝင်ခဲ့ပါတယ်။ ၉-၆-၈၆ မှ ၃၁-၁၁-၈၆အထိ နိုင်ငံတော်စရိတ်နဲ့ ဂျာမနီနိုင်ငံ လက်ဝတ်ရတနာ သင်တန်းကို တက်ရောက်ခွင့် ရရှိခဲ့တယ်။

၁၉၈၈ ခုနှစ်မှာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရဲ့ သံတမန်ကုန်တိုက်က လက်ဝတ်ရတနာ ပျောက်ဆုံးလျော့နည်းမှုတစ်ခု ဖြစ်ခဲ့တယ်။ သက်ဆိုင်ရာက စစ်ဆေးတဲ့အခါ ပြည်သစ်ညွှန့်ဝေ ပါဝင်ပတ်သက်နေတာကို တွေ့ရတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းလဲ ရောက်လာရော ပြည်သစ်ညွှန့်ဝေဟာ သူခိုးက လူလူဟစ်ပြီး လက်သီးလက်မောင်း ထတန်းတော့တာပါပဲဗျာ။

ပြည်သစ်ညွှန့်ဝေကို သက်ဆိုင်ရာက ကျောက်တံတားမြို့နယ် ရဲစခန်းမှာ (ပ)၁၄၆၈/၈၈ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)အရ အမှုဖွင့် အရေးယူခဲ့တယ်။ ပြည်သစ်ညွှန့်ဝေဟာ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းမရှိလို့ ၁၃-၁၂-၈၈ ရက်နေ့မှာ ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးတိမ်းရှောင် သွားခဲ့ပါတယ်ဗျာ။

တရားခံပြေး၊ ဝရမ်းပြေးများဟာ တစ်ဖက်နိုင်ငံကို ရောက်သွားကြတဲ့အခါ ပထမဆုံး ပြည်ပြေးဘဝကို ခံယူရပါတယ်။ ပြည်ပမှာ အသက်မွေးဝမ်းကျောင်းဖို့ ငွေလဲလွယ်လွယ်ရ လူရာလည်းဝင်အောင် မိခင်နိုင်ငံနဲ့ တည်ဆဲအစိုးရအပေါ် တိုင်းဖျက်ပြည်ဖျက်ကိစ္စတွေကို အစွမ်းကုန် လုပ်ပြကြရပါတယ်။ အမည်ပေါင်းစုံခံပြီး နှစ်ယောက်တစ်ပိုင်းနဲ့ အသင်းအပင်းတွေ ဖွဲ့ပြကြရပါတယ်။

ဒီလိုနည်းနဲ့ ပြည်သစ်ညွှန့်ဝေဟာ အလုပ်သမားအဖွဲ့ အမည်တပ်ပြီး အမိနိုင်ငံအပေါ် အလုပ်သမားရေးရာနဲ့ ပတ်သက်တဲ့ မမှန်မကန်စွပ်စွဲချက်တွေ လုပ်ကြံပြုလုပ်ပြီး တစ်ပတ်ရိုက်စားနေပါတယ်။ ပြည်သစ်ညွှန့်ဝေက မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေး မရရှိဘူးပြောနေ၊ စွပ်စွဲနေချိန်မှာ၊ ပြည်ပကနေ နိုင်ငံတော်ဆန့်ကျင်ရေးကို လုပ်နေချိန်မှာ သူ့ရဲ့ဇနီးကို နိုင်ငံတော်က အလုပ်သမားတစ်ယောက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မဆုံးရှုံးစေခဲ့ပါဘူးတဲ့ဗျာ။ ပြည်သစ်ညွှန့်ဝေရဲ့ဇနီး ဒေါ်အေးမျိုးနိုင်ဟာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှာ ဌာနစုမှူးတာဝန် ထမ်းဆောင်နေခဲ့ပါတယ်။

FTUB က ပြည်သစ်ညွှန့်ဝေဟာ NCGUB က ဝရမ်းပြေးစိန်ဝင်းနဲ့ မသူတော်ချင်း သတင်းလွှဲလွှဲဖြစ်ပြီး မြန်မာနိုင်ငံအတွင်း အလုပ်သမားရေးရာကိစ္စ လုပ်ဆောင်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းအချို့နဲ့ ချိတ်ဆက်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ အခြေစိုက်ရင်း အဖျက်လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ပြည်ပြေး လူလည်တစ်သိုက်ဖြစ်တဲ့ FTUB ကို နေရာပေးဆက်ဆံရုံ သက်သက်မဟုတ်ဘဲ အဖျက်အမှောင့် အကြမ်းဖက်လုပ်ရပ်တွေ လုပ်ကိုင်ဖို့ ကူညီအားဖြည့်ပေးနေတဲ့ အဖွဲ့အစည်းလေးဖွဲ့ ရှိပါတယ်။

သူတို့ကတော့ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ICFTU၊ အမေရိကန် အလုပ်သမားအဖွဲ့ချုပ်နှင့် စက်မှုအဖွဲ့များ ကွန်ဂရက် AFL-CIO၊ လွတ်လပ်သော အာရှ-အမေရိကန် အလုပ်သမားအဖွဲ့ AAFLI နဲ့ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအလုပ်သမားသမဂ္ဂ ITF တို့ပဲ ဖြစ်ပါတယ်။

FTUB က မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုတွေ ရှိနေတယ်လို့ မဟုတ်မမှန်စွပ်စွဲပြီး ILOကို တင်ပြတိုင်ကြားတဲ့အခါ ပြောခဲ့တဲ့ အလုပ်သမားအဖွဲ့အစည်းတွေအပြင် ပြည်ပနိုင်ငံကြီး အချို့ကပါ ဝိုင်းပြီး ဖိအားပေးခဲ့ကြပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံခြားထောက်ပံ့ငွေများထဲက မြန်မာနိုင်ငံမှာ ဒီမိုကရေစီလှုပ်ရှားမှုလို့ အမည်ခံထားတဲ့ အစိုးရကို ဆန့်ကျင်တဲ့ လုပ်ငန်းများအတွက် ၁၉၉၆ ဘဏ္ဍာရေးနှစ်ကစပြီး ခွဲဝေထောက်ပံ့ခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ NED (National Endowment Democracy) က ၁၉၈၉ ခုနှစ် ဇန်နဝါရီလမှာ ဝရမ်းပြေးစိန်ဝင်းနဲ့ ဖောက်ခွဲဖျက်ဆီးရေး အကြမ်းဖက်သမား ပြည်သစ်ညွှန့်ဝေ ခေါင်းဆောင်တဲ့ FTUB ကို အမေရိကန်ဒေါ်လာသုံးသိန်း ခွင့်ပြုထောက်ပံ့ခဲ့ပါတယ်။

မြန်မာနိုင်ငံအစိုးရရဲ့ ကိုယ်စားလှယ်များကို ကုလသမဂ္ဂမှ ဖယ်ရှားပစ်ရေးအတွက် အမေရိကန်အောက်လွှတ်တော်က ပထမခြေလှမ်း စတင်ခဲ့တဲ့အချိန်နဲ့ တစ်ပြိုင်တည်းမှာပဲ အင်္ဂလန်နိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Derek Petchett ကလဲ မြန်မာနိုင်ငံအား အလုပ်သမားအဖွဲ့မှ ဖယ်ရှားရေးကို ကြိုးပမ်းမယ်လို့ ထုတ်ပြန်ချက်တစ်ရပ် ပြုလုပ်ခဲ့ဖူးပါတယ်ဗျာ။

၂၇-၆-၉၈ ရက်က ILO စုံစမ်းရေးကော်မရှင်ကို တင်သွင်းဖို့ရည်ရွယ်ပြီး Hearing on Forced Labour in Burma ကြားနာစစ်ဆေးမှုတစ်ရပ်ကို အမေရိကန် အလုပ်သမားဝန်ကြီးဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီကြားနာမှုမှာ အမေရိကန်အလုပ်သမားဝန်ကြီးဌာနက နိုင်ငံတကာဆိုင်ရာ လက်ထောက်အလုပ်သမားဝန်ကြီး Andrew Samet နဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန Bureau of Democracy, Human Right and Labour မှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Gare Smith တို့ ဦးဆောင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို NCGUB မှ ဘိုလှတင့်၊ FTUB မှ ဝင်းနိုင်၊ အမေရိကန် အလုပ်သမားသမဂ္ဂတစ်ခုဖြစ်တဲ့ AFL-CIO မှ လက်ထောက်ညွှန်ကြားရေးမှူး Philip Fishman အပါအဝင် စာတမ်းတွေ ဖတ်ကြားတင်သွင်းခဲ့ကြဖူးပါတယ်။ FTUB အကြမ်းဖက်ဂိုဏ်းက ကိုယ်စားလှယ် ဝင်းနိုင်ဆိုသူဟာ အလုပ်အကိုင်မည်မည်ရရ ရှိသူတစ်ယောက်မဟုတ်ဘဲ လက်ဖြန့်တောင်းရမ်း စားသောက်ရာက အမေရိကန်အစိုးရရဲ့ Department of Labour မှ တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၄၀၀ နဲ့ အလုပ်တစ်ခုပေးတာ ခံရပါတယ်။

သမဂ္ဂအဖွဲ့ FTUB)ဆိုတဲ့အမည်နဲ့ ဘယ်လိုမှမအပ်စပ်တဲ့ နိုင်ငံရေးလုပ်ငန်းတွေကို လုပ်ခဲ့ပါတယ်။

ဒီလုပ်ရပ်တွေထဲက တစ်ခုကတော့ ၅-၁၂-၉၆ ရက်နေ့မှာ အမေရိကန် အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ John J.Sweeny, Bill Jordan တို့နှင့် ဆက်သွယ်ပြီး အဲဒီပုဂ္ဂိုလ်တွေ ဒေါ်စုကြည်နဲ့ တွေ့ဆုံစေဖို့ကို မျိုးအောင်သန့်က စီစဉ်ခဲ့ပါတယ်ဗျာ။ မြန်မာနိုင်ငံကိုလာရောက်ပြီး အလုပ်သမားရေးရာကို လေ့လာတဲ့ John Osolinck လာတဲ့အခါ ဒေါ်လာနဲ့ ပစ္စည်းတွေကို ဒေါ်စုကြည်ထံလာပို့ရေးကိုလဲ မျိုးအောင်သန့်က ဦးဆောင်စီစဉ်ခဲ့တာပါပဲ။

၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တုန်းကလဲ ပြည်သစ်ညွှန့်ဝေရဲ့စီစဉ်မှုနဲ့ ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ရန်ကုန်မြို့ကို တိတ်တဆိတ် ရောက်လာခဲ့ကြပြန်ပါတယ်။ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ရောက်ရင် ရန်ကုန်မြို့ထဲမှာ ငါးနေရာ သတ်မှတ်ပြီး ဖောက်ခွဲဖျက်ဆီးဖို့ တိုင်ပင်နေဆဲမှာ သက်ဆိုင်ရာက အဖျက်သမားတွေကို အချိန်မီ ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဒီဖြစ်စဉ်မှာ မင်းကြည်(ခ)နိုင်မင်းကြည်နဲ့ ရွှေမန်း(ခ)ဇေယျာဦးတို့ကို ပြည်သစ်ညွှန့်ဝေက ၂၀၀၃ ခုနှစ် မတ်လအတွင်း ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ တွေ့ဆုံပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းအပြင် ပြည်တွင်းမှာအဖွဲ့ငယ်တွေ ဖွဲ့ပြီး သတင်းစုဆောင်းဖို့အတွက် ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်းနဲ့ ငွေကြေးထောက်ပံ့ခဲ့ပါတယ်။

မကြာသေးခင်က NLD(LA), ABSDF, NCUB, FTUB နဲ့ ဗကပ (UG) ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ပြည်တွင်းကို ဝင်ရောက်နေကြောင်း သက်ဆိုင်ရာက ကြိုတင်သတင်းရရှိခဲ့တယ်၊ သတင်းရရှိတဲ့အတိုင်းပဲ ၅-၂-၂၀၀၅ရက်မှာ ABSDF က အကြမ်းဖက်ဖောက်ခွဲရေးသမား ဝင်းအောင်ကို တနင်္သာရီမြို့မှာဖမ်းဆီးရမိခဲ့ပါတယ်။ တစ်ဆက်တည်း တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်မှာ ဖောက်ခွဲဖျက်ဆီးရေးကိရိယာနဲ့ ချိန်ကိုက်မိုင်းကို သိမ်းဆည်းရမိခဲ့ပါတယ်။

နောက်ပြီး ၂၀၀၅ခုနှစ် မတ်လ ၁၇ရက်နေ့က တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း ပေါက်ကွဲမှုနဲ့ မတ်လ ၁၉ ရက်နေ့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း PANORAMA ဟိုတယ်မှာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။

ဒီဖြစ်စဉ်တွေအရ FTUB က ပြည်သစ်ညွှန့်ဝေဟာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမား ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလှပါတယ်။ ၂၀၀၄ခုနှစ် မေလ ၃ ရက်မှ ၈ ရက်နေ့အထိ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်တစ်နေရာမှာ NCUB အဖွဲ့ရဲ့ သတ္တမအကြိမ်မြောက် အစည်းအဝေးကို ကျင်းပခဲ့တယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက တိုင်းရင်းသား ပြည်သူတွေရဲ့ စုပေါင်းဆောင်ရွက်တတ်ကြတဲ့ ဓလေ့ဟာ အမျိုးသားစရိုက် (National Pride) ဖြစ်ပါတယ်။ လုပ်အားကို အဓမ္မဆင့်ဆိုစရာမလိုဘဲ ရပ်မှုရွာမှုတွေမှာ တက်ညီလက်ညီဆောင်ရွက်တတ်တဲ့ဓလေ့ကို စုံမက် ပျော်မွေ့ခဲ့ကြပါတယ်။ နေအိမ်တစ်အိမ် ဓနိမိုးရင်တောင် တစ်ရွာလုံးကူညီတတ်ကြတဲ့ အမျိုးသားစရိုက်ကို အဓမ္မ လုပ်အားစေခိုင်းမှုဆိုတဲ့ ပေတံနဲ့တိုင်းလို့ကတော့ သဘာဝကျနိုင်ပါ့မလားဗျာ။

ပြည်ပမှာ အခြေချနေတဲ့ FTUB ဟာ အလုပ်သမားအဖွဲ့လို့ အမည်ခံထားပေမယ့် ပြည်တွင်းကိုဝင်ရောက်ပြီး အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းတွေလုပ်ဖို့ ဦးဆောင်မှုပေးခဲ့ပါတယ်။ ပြည်သစ်ညွှန့်ဝေဟာ ဗန်ကောက် ဖုရာထိုင်း ရပ်ကွက်မှာနေထိုင်တဲ့ မြင့်အောင်(ခ) ပြောင်ကြီးမှတစ်ဆင့် မျိုးအောင်သန့်နဲ့ ဆုံခဲ့ပါတယ်။ ပြည်သစ်ညွှန့်ဝေက မျိုးအောင်သန့်ကို စည်းရုံးပြီး ဝရမ်းပြေးစိန်ဝင်းနဲ့ပေါင်းကာ ပြည်တွင်းမှာ ဆူပူမှု ပေါ်ပေါက်လာစေရေး၊ အလုပ်သမားအရေးအခင်းတွေ ပေါ်ပေါက်စေရေးနဲ့ ဖောက်ခွဲဖျက်ဆီးရေးတွေ လုပ်ဖို့အတွက် ပြည်တွင်းမှာ အမာခံတွေ စုဆောင်း ရွေးချယ်ခဲ့ပါတယ်။

ပြည်သစ်ညွှန့်ဝေရဲ့ ညွှန်ကြားချက်အရ လျှပ်စစ်ထမင်းပေါင်းအိုးထဲကို C.3 အမျိုးအစား ယမ်းပျော့ရှစ်တောင့်၊ Blasting Cap (ဒီတိုနေတာ)၁၀ ခု၊ Acrylic Lacquer နှစ်ဘူး၊ Industrial Lacquer နှစ်ဘူး၊ Aluminiun Powder နှစ်ဘူး၊ ယမ်းကြိုး ငါးပေ ၁၀ လက်မတစ်ခွေ၊ ယမ်းကြိုး နှစ်ပေ တစ်လက်မ တစ်ခွေကိုထည့်ပြီး ကော့သောင်းမှတစ်ဆင့် ရန်ကုန်ကိုပို့ဖို့ စီစဉ်ခဲ့ပါတယ်။

မျိုးအောင်သန့်ဟာ ပြည်သစ်ညွှန့်ဝေ၊ သန်းလွင်၊ အေးမောင်၊ ခင်ကျော်တို့နဲ့ ၄-၆-၉၇ရက်နေ့က ထိုင်းနိုင်ငံမှာ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ ဒီဆွေးနွေးပွဲက ၂၆-၆-၉၇ ရက်နေ့ ရန်ကုန်မြို့မှာ အလုပ်သမား ဆူပူမှုတွေဖြစ်အောင် လှုံ့ဆော်ဖို့၊ နိုင်ငံအကြီးအကဲတွေကို လုပ်ကြံဖို့၊ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံခြားသံရုံးတွေထဲက တရုတ်သံရုံးနှင့် အင်ဒိုနီးရှားသံရုံးကို ပစ်မှတ်ထား ဖျက်ဆီးဖို့၊ ရန်ကုန်မြို့လယ်ရှိ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ တယ်လီဖုန်းလိုင်းတွေကို ဖောက်ခွဲဖျက်ဆီးဖို့ စီစဉ်ခဲ့ကြပါတယ်။

ပြည်သစ်ညွှန့်ဝေရဲ့ ခိုင်းစေချက်အရ မျိုးအောင်သန့်ဟာ ၁၃-၇-၉၇ ရက်နေ့မှာ ဗန်ကောက်မှ ရန်ကုန်ကို ဝင်ရောက်ခဲ့ရာမှာ မျိုးအောင်သန့်နဲ့အတူ ကြံဖော်ကြံဖက်တွေကို သက်ဆိုင်ရာက အချိန်မီ ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းတွေကိုတော့ ကော့သောင်းမြို့မှာ သိမ်းဆည်းခဲ့ပါတယ်။

ဝရမ်းပြေးတွေဖြစ်တဲ့ ပြည်ပြေးစိန်ဝင်း၊ စိုးပိုင်နဲ့ ဗန်ကောက်မှာနေတဲ့ ပြည်သစ်ညွှန့်ဝေတို့က မျိုးအောင်သန့် အဖမ်းမခံရမီ ရန်ကုန်ကိုရောက်နေတဲ့ မျိုးအောင်သန့်ကို Satellite Phone နဲ့ ဆက်ပြီး (မြန်မာနိုင်ငံ အလုပ်သမား

NCUB ဟာ နိုင်ငံတော်ကိုဆန့်ကျင်ကြတဲ့ DBA, NLD (LA), FTUB စတဲ့ ပြည်ပြေးတွေ စုပေါင်းထားတာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ FTUB က ပြည်သစ် ညွှန့်ဝေဟာ အတွင်းရေးမှူးရာထူး ရသွားခဲ့ပါတယ်။ ပြည်သစ်ညွှန့်ဝေက သူ NCUB မှာ အတွင်းရေးမှူး တာဝန်ယူချိန်ကစပြီး မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပ ထူးခြားမှုတွေရှိလာအောင် ဖောက်ခွဲဖျက်ဆီးရေးအပါအဝင် အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ဆောင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ပြည်သစ်ညွှန့်ဝေ ကြုံးဝါးပြီး မကြာမီ ၂၀၀၄ ခုနှစ်ဇွန်လ ၂၆ရက်နေ့က ရန်ကုန်မီးရထားဘူတာကြီးဝန်းကျင်မှာ မိုင်းထောင်ဖောက်ခွဲမှုနှင့် မိုင်းတွေ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပါတယ်။

ILO ဟာ ပြည်ပြေးအကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမား ပြည်သစ်ညွှန့်ဝေကြောင့် မူလရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံရေး အသွေးရောင်မပါတဲ့ အလုပ်သမားရေးရာကိစ္စတွေကို မျက်ကွယ်ပြုမိသွားတာ ဖြစ်ပါလိမ့်မယ်။

မြတ်ဗုဒ္ဓရဲ့ ငါးရာ့ငါးဆယ်နိပါတ်တော်လာ(မဟာဥမ္မဂ္ဂ)အတိတ်ဇာတ်မှာ မဟာဥမ္မဂ္ဂ မင်္ဂလာဆင်ဟာ ယဉ်ကျေးသိမ်မွေ့တဲ့ ဆင်ကြီးဖြစ်ပါတယ်တဲ့ဗျာ။ ယဉ်ကျေးသိမ်မွေ့တဲ့ မင်္ဂလာဆင်ကြီးဟာ ရုတ်တရက် စိတ်ရိုင်း စိတ်မိုက်တွေဝင်လာပြီး ဆင်ထိန်းရဲ့အသက်ကို သတ်ဖြတ်တဲ့အထိ ဖြစ်လာခဲ့တယ်။

ဒီအခါ ဆင်ပိုင်ရှင် ဗြဟ္မဒတ်မင်းကြီးက မဟာဥမ္မဂ္ဂ မင်္ဂလာဆင်ကြီး ရုတ်တရက် စိတ်ရိုင်းစိတ်မိုက် ဝင်လာရခြင်းကိစ္စကို စုံစမ်းဖို့ ဘုရားအလောင်း ပညာရှိအမတ်ကြီးကို တာဝန်ပေးခဲ့ပါတယ်။ ဘုရားအလောင်း ပညာရှိအမတ်ကြီးက စုံစမ်းတော့ ညအခါ ဆင်တင်းကုပ်အနီးမှာ သူခိုး၊ ဓားပြတွေက သတ်ဖို့ဖြတ်ဖို့၊ ဒုစရိုက်ကျူးလွန်ဖို့ မကြာခဏ လာရောက် တိုင်ပင်ကြတယ်။ လိမ္မာယဉ်ကျေးတဲ့ မင်္ဂလာဆင်ကြီး မဟာဥမ္မဂ္ဂဟာ သူခိုးဓားပြတွေ စကားကြားဖန်များတော့ စိတ်ရိုင်းစိတ်မိုက်တွေဝင်လာပြီး မြင်သမျှ ရန်ပြုဖို့ ကြိုးစားခဲ့တာဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရပါတယ်ဗျာ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ ခုနှစ် မတ်လ ၁၅ ရက်နေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာမှာ-

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

သစ်ခွဲသားများသာမက တန်ဖိုးမြင့်ကုန်ချောပစ္စည်းများထုတ်လုပ် Finger Joint စက်သစ်များ တိုးချဲ့တပ်ဆင်ဆောင်ရွက်

ရန်ကုန် ဧပြီ ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် သန်လျင်မြို့ရှိ အမှတ်(၁၀) သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံညွှန်ခန်းမ၌ စက်ရုံမှူး ဦးတင်ဦးက စက်ရုံ၏လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက မြန်မာ့သစ်လုပ်ငန်းနှင့် Hana Marketing Services Co. တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စက်ကိရိယာများ မွမ်းမံပြင်ဆင်ရေးနှင့်အဆင့်မြင့်စက်ကိရိယာများ ဖြည့်တင်း တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ခေတ်မီသစ်ခွဲစက်များ၊ လွှပြင်ရုံနှင့် ပေါင်းဖိုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သစ်ခွဲသားများသာမက တန်ဖိုးမြင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်ရေး၊ Finger Joint စက်သစ်များ တိုးချဲ့တပ်ဆင်ရေး၊ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်မှစ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့နှင့်ပတ်သက်၍လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

စက်ကိရိယာသစ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒလမြို့ရှိ အမှတ်(၁၄)သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံညွှန်ခန်းမ၌ မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)ဦးဝင်းလွင်က စက်ရုံ၌ စက်ကိရိယာအသစ်များ တပ်ဆင်ပြီးစီးမှု၊ စက်များ စမ်းသပ်လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် သစ်ခွဲသားများ စမ်းသပ်ခွဲစိတ်မှု၊ လွှပြင်ရုံနှင့် စက်များစမ်းသပ်လည်ပတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒလမြို့ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၁၄) သစ်စက် လွှပြင်ရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

အထက်ဌာပနာပိတ်ပွဲနှင့်ဝိသေဋ္ဌပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ပေါ်၌ တည်ထားကိုးကွယ်ထားသည့် ပန်းတစ်ပွင့်တောင်ဘုရားနှင့် ယက္ခတောင်ဘုရား အထက်ဌာပနာပိတ်ပွဲနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ပန်းတစ်ပွင့်တောင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာရအား တပည့်ဒါယကာဒါယိကာမများက ဝိသေဋ္ဌပူဇော်ပွဲကို တန်ခူးလပြည့်နေ့(ဧပြီ၂၃ရက်)စနေနေ့တွင် ပန်းတစ်ပွင့်တောင်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများ အချိန်မီကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နိုးဆော်ထားသည်။

(သတင်းစဉ်)

တစ်နွေနှစ်သီးစပါးစိုက်ပျိုး

ရန်ကုန် ဧပြီ ၁၉

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် တပင်တမော့ကျေးရွာအုပ်စု ကွင်းအမှတ် ၁၁၉(A/B)ကွင်းများတွင် ဧပြီလဆန်းက ရိတ်သိမ်းထားပြီး စပါးခင်းနေရာများ၌ တစ်နွေနှစ်သီးစပါး ထပ်မံ စိုက်ပျိုးခြင်းကို ဧပြီ ၁၄ ရက်က ကျင်းပရာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ရဲထွတ်၊ မြို့နယ် ဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများ တက်ရောက်ကြသည်။

ထိုစိုက်ပျိုးပွဲကို တောင်သူဦးအောင်သန်း၏ ကွင်းအမှတ်၁၁၉(B) ဦးပိုင် ၃/၄၊ ဦးအောင်မြင့်၏ ကွင်းအမှတ် ၁၁၉(A) ဦးပိုင် ၆/၂၊ ဦးလှသောင်း၏ ကွင်းအမှတ် ၁၁၉(A) ဦးပိုင်၃/၇ တို့တွင် တစ်ပြိုင်တည်းကြဲပက် စိုက်ပျိုးကြသည်။ ကျိုက်လတ်မြို့နယ်တွင် နွေစပါး ၁၀၂၂၀၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ILOသည် မြန်မာနိုင်ငံ၏အခြေအနေမှန်၊ ဆောင်ရွက်မှုအမှန်၊ သတင်းမှန်များနှင့် ၅၄ သန်းသော ပြည်သူများနှင့် ပြည်သူအများကို ကိုယ်စားပြုပြီး ဆောင်ရွက်နေကြသည့် ပြည်တွင်းရှိ NGO အဖွဲ့များ၏ ဆန္ဒသဘောထားမှန်၊ ဆောင်ရွက်ချက်မှန်များကို အခြေမခံဘဲ လက်တစ်ဆုပ်စာ ပြည်ပြေးများ၊ နယ်စပ်ဒေသရှိ သောင်းကျန်းသူများ အပါအဝင် FTUB ထံမှ မမှန်မကန် လုပ်ကြံသတင်းများကိုသာ အခြေခံနေတာဖြစ်သည်ကို တွေ့ရှိရပါကြောင်း"

ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ဗုဒ္ဓဘုရားရှင်က "မဟာဥမ္မဂ"ဇာတ်တော်မှာ **ပုရာဏခေါ်ရာန ဝခေါ် နိသမ္မ၊ မဟိဥ္စာ မုခေါ ပေါထယ မန္တစာရီ** မဟာဥမ္မဂ ဆင်ယဉ်ကျေးဟာ ခိုးသူရဲ့စကားကို ကြားမိပြီး အတုလိုက်ကျင့်မိတယ်လို့ ဟောကြားခဲ့ပါတယ်။ ILO ဟာ နိုင်ငံတော် အစိုးရရဲ့ မှန်ကန်တဲ့ဖြေရှင်းမှုကို နားမဝင်ဘဲ ခိုးသူရဲ့စကား (FTUB ၏စကား)ကိုနားယောင်ပြီး တစ်ဖက်သတ် စွပ်စွဲဖိအားပေးကာနင်းချေဖို့ ကြိုးစားနေခဲ့တာ ဖြစ်ပါတယ်။

ILOက အပြစ်မြင်နေတဲ့ ၁၉၀၇ခုနှစ် မြို့များအက်ဥပဒေနဲ့ ၁၉၀၈ခုနှစ် ကျေးရွာအက်ဥပဒေဆိုတာတွေဟာ မြန်မာနိုင်ငံအစိုးရတွေက ပြဋ္ဌာန်းခဲ့တာ မဟုတ်ပါဘူးဗျာ။ နယ်ချဲ့ခေတ်မှာ ဗြိတိသျှအစိုးရက သူတို့ရဲ့ ကိုလိုနီအာဏာစက် ဖြန့်ကြက်ဖို့အတွက် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ကျင့်သုံးခြင်းမပြုဖို့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံ ညွှန်ကြားတဲ့ အမိန့်အမှတ်(၁/၉၉)ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ၁၄-၅-၁၉၉၉ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက တိုင်းရင်းသား ပြည်သူတွေရဲ့ စုပေါင်းဆောင်ရွက်တတ်ကြတဲ့ ဓလေ့ဟာ အမျိုးသားစရိုက် (National Pride) ဖြစ်ပါတယ်။ လုပ်အားကို အဓမ္မဆင့်ဆိုစရာမလိုဘဲ ရပ်မှုရွာမှုတွေမှာ တက်ညီလက်ညီ ဆောင်ရွက်တတ်တဲ့ ဓလေ့ကို စုံမက် ပျော်မွေ့ခဲ့ကြပါတယ်။ နေအိမ်တစ်အိမ် ခနိုးရင်တောင် တစ်ရွာလုံးကူညီတတ်ကြတဲ့ အမျိုးသားစရိုက်ကို အဓမ္မ လုပ်အားစေခိုင်းမှုဆိုတဲ့ ပေတံနဲ့ တိုင်းလို့ကတော့ သဘာဝကျနိုင်ပါ့မလားဗျာ။

ငါးရာ့ငါးဆယ့်နိပါတ်တော်လာ "မာဃ"ဇာတ်တော်မှာ မောင်မာဃနဲ့ အပေါင်းပါတွေဟာ စုပေါင်းလုပ်အားဒါနပေးလှူပြီး လမ်းဖောက် တံတားဆောက်စတဲ့ ရပ်ရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် ရွာသူကြီးရဲ့ မမှန်မကန် စွပ်စွဲတိုင်ကြားမှုကို ဗြဟ္မဒတ်မင်းက ယုံကြည်မိပြီး မောင်မာဃနဲ့ အပေါင်းပါတွေကို ဆင်နဲ့နင်းသတ်ဖို့ အမိန့်ထုတ်ခဲ့ပါတယ်။

လူသတ်ကွင်းမှာ အရက်ကိုးမောင်းတိုက်ထားတဲ့ဆင်ကြီးနဲ့ မောင်မာဃတို့တစ်တွေကိုသတ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒီအခါ မောင်မာဃက ဦးဆောင်ပြီး သစ္စာပြုကြလို့ ဆင်အန္တရာယ်က ကင်းငြိမ်းချမ်းသာ ခဲ့ရဖူးပါတယ်။

ILO ၏ က **"အဓမ္မစေခိုင်းမှု ပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ အကောင်အထည်ဖော်ရေးလုပ်ငန်းများမှ တစ်ပါး မြန်မာနိုင်ငံကို မည်သည့် အကူအညီမျှမပေးရန်၊ ILO မှ ကြီးမှူးကျင်းပသည့် အစည်းအဝေး စာတမ်းဖတ်ပွဲများသို့ မြန်မာနိုင်ငံအား ဖိတ်ကြားခြင်းမပြုရန်"**ဆိုတဲ့ တစ်ဖက်သတ် စွပ်စွဲဖိအားပေး ဆုံးဖြတ်ခြင်းဟာ မဟာဥမ္မဂ ဇာတ်နဲ့ မာဃဇာတ်နဲ့ယှဉ်ပြီး ဥပမာပေးဖို့ ဖြစ်ပေါ်လာပါတယ်။

မဟာဥမ္မဂ မင်္ဂလာဆင်ယဉ်ကြီးဟာ သူခိုးဓားပြတွေရဲ့ အဓမ္မ စကားကိုကြားပြီး ဆင်ထိန်းတွေကို သတ်ဖြတ်ခဲ့ပါတယ်။ မာဃဇာတ်တော်မှာလဲ မောင်မာဃနဲ့ အပေါင်းပါတွေကို ရွာသူကြီးရဲ့ ချောသွေ့စကားကို ယုံမှားပြီး ဗြဟ္မဒတ်မင်းကြီးက ဆင်နဲ့နင်းသတ်ဖို့ အမိန့်ထုတ်သလို ဖြစ်နေပါတယ်ဗျာ။

ဒါ့ကြောင့် နိုင်ငံတော်အစိုးရဦးဆောင်တဲ့ မြန်မာပြည်သူတွေဘက်က လုပ်ရပ်မှန်၊ ဆန္ဒမှန်၊ ဖြစ်ရပ်မှန်၊ သဘောထားမှန်ဆိုတဲ့ သစ္စာတရားများကို ရင်မှာပွားပြီး **"ဆင်အန္တရာယ် သစ္စာနှင့် ကာကွယ်ကြပါစို့"**လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်ဗျာ။ ။

အာရှ-အာဖရိကထိပ်သီးညီလာခံ ဝန်ကြီးအဆင့်အစည်းအဝေးတက်ရန် ဝန်ကြီးဦးဉာဏ်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအင်န်၊ဟာဆန်ဝိရာဂျူဒါ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဧပြီ ၂၀ ရက်တွင် ကျင်းပမည့် ၂၀၀၅ ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံ၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။**(ဝဲပုံ)**

(သတင်းစဉ်)

နှစ်သစ်မင်္ဂလာ ပရိတ်တရားတော်နာယူ

ရန်ကုန် ဧပြီ ၁၉

မန္တလေးအသင်း (ရန်ကုန်)က ၁၃၆၇ ခုနှစ် မြန်မာနှစ်သစ်မင်္ဂလာတွင် မန္တလေး အသင်းသူအသင်းသားများ ကျန်းမာချမ်းသာစေရန်၊ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာစေရန်အတွက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနှစ်သစ်နှစ်ဦးမင်္ဂလာ အန္တရာယ်ကင်းတရားတော်နာယူပွဲကို ဧပြီ ၁၈ရက် ညနေပိုင်းက အသင်းတိုက် ရတနာပုံခန်းမဆောင်တွင် ရန်ကုန်မြို့လယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရနှင့် သံဃာတော်များအားပင့်ဖိတ်၍ ကျင်းပသည်။ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြီးနှင့်အမှုဆောင်များက အန္တရာယ်ကင်း ပရိတ်တရားနာယူကြပြီး လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၁၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၉၈၂)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ စုပေါင်းရဟန်းခံရှင်ပြုပွဲ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ တက်ရောက်

ရန်ကုန် ဧပြီ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီးတို့အား အမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဉ္စမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ၌ ယနေ့ကျင်းပသည်။

သိမ်ဆင်းလောင်းလှူ

အခမ်းအနားသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြတ်သီဂီ၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက် ကြည်ညိုကြပြီး နံနက် ၇ နာရီခွဲတွင် မဟာစည် သာသနာ့ရိပ်သာ သာသနမလဝိသောဓနီသိမ်တော်ကြီး၌ ဆရာတော်များနှင့် သိမ်ဆင်း သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် ဖလ်ယဉ်မွေ့ရုံ၌ အလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ မဟာစည် သာသနာ့ရိပ်သာ နာယက ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တထေရာဝံသ ဆရာတော်ကြီးထံမှ ဝန်ကြီးနှင့်ဇနီး အမှူးပြုသော ပရိသတ်က ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍လျှောက်ထားပြီး ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ အထူးအရာရှိ၊ ဌာနအကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် အနုမောဒနာ တရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဉ္စမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီးတို့က ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (ပို့ဆောင်ရေး)

ဒလမြို့နယ် မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြဲန်ဘုရား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဒုတိယမြို့တော်ဝန် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြုလုပ်သည့် ဒလမြို့နယ် မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြဲန်ဘုရား (၁၀၁)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် ညနေပိုင်းက အဆိုပါဘုရားကြီး ဂန္ဓကုဋိတိုက်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်ကြည်ညိုသည်။

သီလခံယူ

ရှေးဦးစွာ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဗြဟ္မဝိဟာရကွင်းကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇထံမှ ည္ဒေ့ပရိသတ်က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ရေစက်သွန်းချ

ယင်းနောက် မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အံ့ကြီး အနောက်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏိတထံမှ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ပရိသတ်က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်အရှင်သူမြတ် ၂၉ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မတ် ၂၉ ရက်က ဒဂုံမြို့နယ် ဦးဝိစာရ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြူကြူလွင်က ခရိုင်ရုံးစာကြည့်တိုက်အတွက် စာအုပ်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုထံ ပေးအပ်လှူဒါန်းစဉ်။
(ခရိုင် ပြန်/ဆက်)

တောင်သာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဧပြီ ၁၉

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၄-၂၀၀၅ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၃ ရက် (စနေနေ့)တွင် အာဇာနည်လမ်း စက်မှုဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ထိုက်တန်စွာ ဂုဏ်ပြုမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခ ပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁)	မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း	- ၁၉၉
(၂)	ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး	- ၂၉၁၂၅၅၊ ၂၉၁၂၈၄
(၃)	မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ	- ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဆေးဝါးရောင်းချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဆေးဝါးရောင်းချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၂) ပိတ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် သင်တန်းခန်းမ၌ကျင်းပရာ ဆေးတက္ကသိုလ်(၂) ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ အလှူငွေပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ဆေးဝါးဘက်ဆိုင်ရာ ဆရာဝန်ကြီးများအားလည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဆေးဝါးရောင်းချမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် သင်တန်းမှူးအဖြစ် ဆောင်ရွက်သည့် ဒေါက်တာ မီမီကိုအား လည်းကောင်း ဂုဏ်ပြုလက်ဆောင်နှင့် မှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆေးဝါးရောင်းချမှုနှင့် ပတ်သက်သည့် အမျိုးသား၊ အမျိုးသမီး ၄၈ ဦးတို့ တက်ရောက်ကြပြီး ရက်သတ္တ သုံးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်များကို ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလလယ်မှ ဧပြီလလယ်အတွင်းတွင် လည်းကောင်း၊ ပဲခူးတိုင်းတွင် မတ်လဆန်းမှ ဧပြီလကုန်အတွင်းတွင် လည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေ ဆက်သည်အထိ ပြည့်ပြည့်ဝဝတင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင်ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မဟာဝိဇယရံသီစေတီတော်မြတ် ရွှေထီးတော်တင်မင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ သုဝဏ္ဏမဏ္ဍာကုန်းတော်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရန်အောင်မြင် မဟာဝိဇယရံသီ စေတီတော်မြတ်ကြီးတွင် တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးတို့အား ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့်ရှိ ဒေါ်စောမြတန်ဆောင်းတွင် အများပြည်သူ ကြည်ညိုနိုင်ရန် အပူဇော်ခံလျက်ရှိသည်။

အဆိုပါ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်မြတ်ကြီးတို့ကို ဧပြီ ၂၁ ရက်တွင် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာသို့ ပြန်လည်ပင့်ဆောင်ပြီး ဧပြီ ၂၉ ရက်တွင် ရွှေထီးတော်တင်မင်္ဂလာ ပြုလုပ်မည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ၊ ပြည်သူများ ကြွရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဧပြီ ၁၈ ရက်က မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ အလှူရှင် ဦးကျော်ဝင်း(ကျော်စီးတီးဆောက်လုပ်ရေး)ကုမ္ပဏီမှ မြန်မာ့လက်ရွေးစင် ဟော်ကီအသင်းလေ့ကျင့်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့် လက်ခံစဉ်။
(က–ပ)

၂၀၀၅ ခုနှစ် မြန်မာနိုင်ငံအမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်က ရန်ကုန်မြို့ အင်းလျားကန်ရှိ ရန်ကုန်ရွက်လှေ အသင်း၌ကျင်းပရာ မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က နွေရာသီရွက်လှေသင်တန်း(၂/၂၀၀၅) သင်တန်းသားများ ပြိုင်ပွဲ၌ ပထမဆုရရှိသော မောင်အောင်ကျော်ကျော်အား သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် "နှစ်ဦး"ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် ဒဂုံဂေါက်ကွင်း (မင်္ဂလာဒုံ)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွေးနွေးညှိနှိုင်း

ဧပြီ ၁၈ ရက်က မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖလား (အလွတ်တန်း)ပြိုင်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းစဉ်။
(သတင်းဖော်ပြပြီး)(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

စပိန်လာလီဂါဘောလုံးပွဲများ ယှဉ်ပြိုင်ကစား ရီးရဲမက်ဒရစ် နိုင်ပွဲဆက်၊ ဘာစီလိုနာ နိုင်ပွဲပြန်စ

မက်ဒရစ် ဧပြီ ၁၉

စပိန်လာလီဂါဘောလုံးပြိုင်ပွဲစဉ်များကို တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားကြရာ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ ဘီလ်ဘာအိုနှင့် ဇာရာဂိုဇာအသင်းတို့ နိုင်ပွဲများရရှိခဲ့၍ ရမှတ်များ တိုးခဲ့သည်။

ရီးရဲမက်ဒရစ်နိုင်

လီဗန်တေးအသင်းနှင့် ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားကြရာတွင် ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းတွင် ကားလို့စ်၊ ဆင်မြူရယ်၊ ဘက်ဟမ်း၊ အိုဝင်၊ ရာအူးလ်၊ ရော်နယ်ဒို၊ ဇီဒန်း စသော ကမ္ဘာကျော်ဘောလုံးသမားများ ပါဝင်

ကစားသည်ကို တွေ့ရသည်။ ပွဲစသည်နှင့် နှစ်ဖက်အသင်းတို့ ဂိုးရရှိရေးအတွက် အကြိတ်အနယ် ထိုးဖောက် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၃၇ မိနစ်တွင် ရီးရဲမက်ဒရစ် ကစားသမား ဆယ်ဂါဒို အကွက်ဆင်ပေးသောဘောလုံးကို ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒိုက သွင်းပေးခဲ့ခြင်း ဖြစ်သည်။

လီဗန်တေးအသင်းက ပြန်လည်ချေပဂိုးသွင်းနိုင်ရေးအတွက် ထိုးဖောက်တိုက်စစ်ဆင် ကစားသော်လည်း ရီးရဲမက်ဒရစ် ဂိုးသမား ကာဆီးလတ်စ်၏ ကာကွယ်နိုင်မှုကြောင့် လီဗန်တေးတို့ ဂိုးမရခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းပြန်စသည်နှင့်နှစ်သင်းစလုံး အချိုက်အဆက်မိမိ၊ လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၈၃ မိနစ်တွင် ကွင်းတစ်ဝက်မှ လီဗန်တေးဘက်သို့ လျှပ်တစ်ပြက် ဖြတ်ပို့လိုက်သော ဘောလုံးကို ရော်နယ်ဒိုက လီဗန်တေး နောက်တန်းလူ ဂျီဆူလီနှင့် အပြိုင်ပြေး၍ ဘောလုံးကို ရရှိသွားပြီး ဒုတိယဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်သည် ယခုပွဲ အနိုင်ရခဲ့၍ ထိုက်ထိုက်တန်တန် သုံးမှတ်ရရှိကာ (၆၆)မှတ်ဖြင့် ဘာစီလိုနာနောက်မှ (၆)မှတ်အကွာ လိုက်နေသည်။

ဘာစီလိုနာနိုင်

ဘာစီလိုနာအသင်းနှင့်ဂီတာဖေးလ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဘာစီလိုနာက နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သဖြင့် ရီးရဲမက်ဒရစ်နှင့်အမှတ်ကွာခြားချက် မပြောင်းလဲဘဲ ဖြစ်ခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ငါးနှစ်အတွင်း ပထမဆုံးသော လာလီဂါဖလား ပြန်လည်ရရှိရေးအတွက် အိမ်ကွင်း၌ ကစားကွက်အသာဖြင့် ယှဉ်ပြိုင်ကစားရာ ပွဲချိန် မိနစ် ၃၀ တွင် ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒင်ဟိုက ဖွင့်ဆော်ဦးဂိုး သွင်းပေးခဲ့သည်။ ဂီတာဖေးလ်အသင်းသည် ချေပဂိုးသွင်းနိုင်ရန် အကြိတ်အနယ် တန်ပြန်တိုက်စစ်ဆင်ကစားသော်လည်း ပထမပိုင်း ပြီးသည်အထိ ချေပဂိုး မသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်းပြန်စသည်နှင့်နှစ်သင်းစလုံး လျင်မြန်သောကစားကွက် အရှိန်အဟုန်များဖြင့် ယှဉ်ပြိုင်ကစားကြရာ ပွဲချိန် ၅၆ မိနစ်တွင် ဂူလီက ဘာစီလိုနာအတွက် တစ်ဂိုးထပ်မံသွင်းပေးလိုက်သည်။ ပွဲပြီးသည်အထိ ဘာစီလိုနာက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

လီဗန်တေးနှင့် ရီးရဲမက်ဒရစ် အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရီးရဲမက်ဒရစ်မှ တိုက်စစ်မှူး ရော်နယ်ဒို(ဝဲ)၏ ထိုးဖောက်ကစားမှုကို လီဗန်တေးမှ ဒီဂိုကမာချိုက ဟန့်တားပိတ်ဆို့ထားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရေးဆင်းဆန်တန်ဒါရှုံးနိမ့်

ရေးဆင်းဆန်တန်ဒါအသင်းသည် အိမ်ကွင်း၌ အက်သလက်တီဘီလ်ဘာအိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ရေးဆင်းရှုံးသော နှစ်ဂိုးစလုံးမှာ လေလွင့်ချိန်၌ပေးရသော ဂိုးများဖြစ်သည်။ ဘီလ်ဘာအိုအတွက် အနိုင်ဂိုးများကိုပါဘလိုအော်ပရိတ်ဇ်က တစ်ဂိုး၊ ရော်ဘတ်တိုတီကိုက တစ်ဂိုးသွင်းခဲ့သည်။

ဇာရာဂိုဇာနိုင်

ဇာရာဂိုဇာအသင်းနှင့် နူမန်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဇာရာဂိုဇာက လေးဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဇာရာဂိုဇာအသင်းနှင့် နူမန်စီယာအသင်းတို့သည် ပထမပိုင်းတွင် တစ်သင်းနှင့်တစ်သင်း အကြိတ်အနယ် ကစားသော်လည်း ဂိုးမရခဲ့ကြပေ။

ဒုတိယပိုင်း ပြန်လည်ကစားကြရာ ပွဲချိန် ၆၇ မိနစ်တွင် ဒေးဗစ်ဗီလာက ဇာရာဂိုဇာအတွက် အဖွင့်ဂိုးသွင်းပေးခဲ့သည်။ ယင်းဂိုးသွင်းပြီး သုံးမိနစ်အကြာတွင် ရူဗင်ကာနီက နူမန်စီယာအတွက် ချေပဂိုးသွင်းသည်။ ယင်းချေပဂိုးသွင်းပြီး သုံးမိနစ်အကြာ ဒေးဗစ်ဗီလာကပင် ဇာရာဂိုဇာအတွက် တစ်ဂိုး ထပ်မံပြန်သွင်းခဲ့သည်။

ပွဲချိန် ၇၉ မိနစ်နှင့် ၈၂ မိနစ်တို့တွင် ပွန်ဇီယိုနှင့် ဆာဗီယိုတို့က ဇာရာဂိုဇာအတွက် တတိယနှင့် စတုတ္ထမြောက်ဂိုးများ သွင်းယူခဲ့သည်။

အယ်လ်ဘာစီတီရှုံးပွဲကြုံ

အယ်လ်ဘာစီတီ အသင်းနှင့် မာလာဂါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မာလာဂါအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

မာလာဂါအသင်းသည် ယင်းပွဲနိုင်ခဲ့၍ လာမည့်နှစ်ဘောလုံးရာသီတွင် လာလီဂါတွင် ဆက်လက်ကစားခွင့်ရမည်ဖြစ်သော်လည်း အယ်လ်ဘာစီတီအသင်းသည် အောက်ဆုံး ဒုတိယနေရာရောက်နေ၍ အတန်းဆင်းရဖွယ်ရှိသည်။ မာလာဂါအသင်းသည် အောက်ဆုံး သုံးသင်းထက် (၁၅)မှတ် အသာရထားသောအသင်း ဖြစ်သည်။

ဗလင်စီယာသရေ

မာလော့ကာအသင်းသည် ဗလင်စီယာအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရာတွင် ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

ထို့အတူ ဗီလာရီးရဲက ရီးရဲဘက်တစ်အသင်းကို အိမ်ကွင်း၌ လက်ခံကစားရာ ဂိုးမရှိသရေ ဖြစ်ခဲ့သည်။

ဗီလာရီးရဲအသင်းသည် ရီးရဲဘက်တစ်ထက် တစ်မှတ်အသာရပြီး စတုတ္ထနေရာသို့ ရောက်ရှိနေသည်။ တတိယနေရာမှ ဆီဗီလ်လာအသင်းနှင့် အမှတ်တူ (၅၂)မှတ် ရထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခင်အပတ်က ဘာစီလိုနာအသင်းကို အနိုင်ရထား၍ နိုင်ပွဲဆက်ခဲ့ပြီး ဘာစီလိုနာက ယင်းပွဲ ရှုံးကာ ယခုနိုင်ပွဲပြန်စခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဂိုးသွင်းယူ

ဘာစီလိုနာအသင်းနှင့် ဂီတာဖေးလ် အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘာစီလိုနာ အသင်းမှ ပြင်သစ် ဘောလုံးသမား ဂူလီ(ယာ) **ဂီတာဖေးလ် ဘက်သို့ ဂိုးသွင်းယူလိုက်စဉ်။** (ဓာတ်ပုံ–အင်တာနက်)

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဆောင်ရွက်မှုလုပ်ငန်းများ စည်ပင်သာယာဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအုန်းညွန့်စစ်ဆေး

မင်းလှ ဧပြီ ၃

စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ညွှန်ကြားရေးမှူး(အင်/ယာ) ဦးကျော်မြင့်လိုက်ပါလျက် ဧပြီ၁ဝရက်က ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) လက်ပံတန်းမြို့နယ်အပိုင်းသို့ရောက်ရှိရာ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

မင်းလှမြို့နယ်အပိုင်း

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မင်းလှမြို့နယ်အပိုင်းတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသောခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို ကြည့်ရှုစစ်ဆေးသည်။

အုတ်ဖိုမြို့နယ်အပိုင်း

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် အုတ်ဖိုမြို့နယ်အပိုင်းတွင် ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။ ထို့နောက်လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် မြေသားလမ်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဇီးကုန်းမြို့နယ်အပိုင်း

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဇီးကုန်းမြို့နယ်အပိုင်းတွင် ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူအောင်က စက်ယန္တရားများဖြင့် မြေသားလမ်းဖောက်လုပ်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြေသားလမ်း လုပ်ငန်းအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

မတ် ၁၁ရက် နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ပဲခူးတိုင်း(အနောက်ပိုင်း) ခရိုင်ချင်း ဆက်လမ်း အမှတ်(၁) ပေါက်ခေါင်းမြို့နယ်အပိုင်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြေသားလမ်းနှင့်ကျောက်လမ်းဆောင်ရွက်ထားမှုအခြေအနေများအား အသေးစိတ်လိုက်လံစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည်မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)အပိုင်း အောင်လံမြို့၊ ဆင်ပေါင်ဝဲမြို့၊ တောင်တွင်းကြီးမြို့နယ်များမှမြေသားလမ်းနှင့် ကျောက်လမ်းများ **(အပေါ်ယာပုံ)** ဆောင်ရွက်မှုကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

တပ်မတော်နေ့ဂုဏ်ပြု မိုင်းယောင်းမြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်

မိုင်းယောင်း ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဖိုးရာဇာလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၈ရက် နံနက် ၈ နာရီက အမှတ်(၁) ရပ်ကွက် ဖိုးရာဇာလမ်း ကျောက်ချောလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဖိုးရာဇာကျောက်ချောလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းညို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါ ဖိုးရာဇာ ကျောက်ချောလမ်းသစ်သည် အရှည် ၁၂၂၅ ပေ၊ အကျယ်၁၂ပေရှိပြီး မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇ ဒသမ ၅၇သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်စက်ရေတွင်းဖွင့်

ကျောက်ပန်းတောင်း ဧပြီ ၂

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျေးလက်ဖွံ့ဖြိုးရေး စက်ရေတွင်း၁၃တွင်းအနက် လက်ပံကျင်း(အလယ်)ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို မတ်၁၈ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနိုင်ထွန်းက အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးဌေးဝင်းကစက်ရေတွင်းဆိုင်ရာများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အမှုဆောင်အရာရှိတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၆၁)**

လမိုင်းမြို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

လမိုင်း ဧပြီ ၅

ရေးမြို့နယ် လမိုင်းမြို့ တောင်ဘုံကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၁၀ နာရီက တောင်ဘုံကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ တောင်ဘုံကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် လမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တောင်ဘုံကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် လမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်တို့က အမှာစကား ပြောကြားကြပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးအောင်က လက်ခံရယူကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျောက်တော်မြို့နယ်တွင် ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် တူးဖော်ပြီးစီးသော ညောင်ချောင်းကျေးရွာ မြေသားသောက်ရေကန်ကို မတ် ၂၄ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်စိုးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြခရိုင် ပြင်စလူ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ရွှေး ကျေး ရွာ အုပ်စု ရွှေးမြင့်မိုရ် ကိုယ့်အားကိုယ်ကိုး စာ ကြည့် တိုက် ဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ် ဦးစီးမှူး ဦးမောင်မောင်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးမြင့်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရဲအားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

နမ့်လန် ဧပြီ ၄

ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်မြို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရဲအားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကုန်းညောင်ရပ်ကွက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းသိန်းဝင်း၊ စခန်းမှူး မောင်မောင်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ စာကြည့်တိုက်အတွက် လှူဒါန်းသော စာအုပ်များကို မြို့နယ် ဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က ပေးအပ်လှူဒါန်းရာ စခန်းမှူး မောင်မောင်ဦးက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်ကော်မြို့ တောင်ကွဲစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

လှိုင်ကော် ဧပြီ ၃

ကယားပြည်နယ်၏ ကျက်သရေဆောင် လှိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီတော်မြတ်ကြီး၏ (၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကို ၁၃၆၆ခုနှစ် တပေါင်းလပြည့်နေ့ ညနေ ၃နာရီက အဆိုပါတောင်တော်ဝန်းကျင်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စွာမင်းနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ မြို့ပေါ်ရှိ ရပ်ကွက်ပေါင်း (၁၃) ရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင် ပြည်သူများနှင့် ဘုရားဂေါပကအဖွဲ့ဝင်များက သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ် ပစ္စည်းများကို လောင်းလှူကြသည်။ (၀၈၄)

ပေးအပ်

တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားအရည်အချင်းပြည့်မီသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တတိယအကြိမ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ ခရိုင်ဒုတိယညွှန်ကြားရေးမှူး ဦးတင်ရွှေက ခရိုင်အလုပ်အမှုဆောင် ဒေါက်တာမြင့်အောင်ထံပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

မောက်မယ်မြို့နယ် စုပေါင်းရုံးဝင်းအတွင်း မြို့နယ်စာရင်းရုံးသစ် အဆောက်အအုံဖွင့်လှစ်

မောက်မယ် ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ် ပြီးစီးခဲ့သည့် မောက်မယ်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မြို့နယ်စာရင်း ရုံးသစ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၈ နာရီခွဲက အဆိုပါရုံးသစ်ရှေ့တွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဝေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း၊ ရှမ်းပြည်နယ် စာရင်းစစ်အရာရှိ ဒေါ်မြင့်မြင့်ကြည်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြည့်ရှုစစ်ဆေး

ဆားလင်းကြီးမြို့နယ် မြင်းခြံဘွားကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော လေးလက်မစက်ရေတွင်းအား တွင်းတူးစက်ဖြင့်တူးဖော် ဆောင်ရွက်မှုအခြေအနေကို ဧပြီ ၄ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

သစ်သီးအလှ ပုံဖော်သင်တန်းဆင်း

ညောင်ရွှေ ဧပြီ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သစ်သီးအလှပုံဖော်သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိလှိုင်တို့က အမှာစကားများ ပြောကြားကြပြီး သင်တန်းထူးချွန် ဆုရရှိသူများအား မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိလှိုင်က ဆုများပေးအပ်ချီးမြှင့်သည်။ (၀၂၇)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင် မြို့မဈေးကြီးတွင် မီးဘေးကြိုတင် ကာကွယ်ရေး အတွက် မတ် ၂၈ ရက်က မြို့နယ် စည်ပင် သာ ယာ ရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်၊ မြို့နယ် မီးသတ် ဦးစီးဌာန ဦးစီးမှူး

ဦးဌေးမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ လေ့ကျင့်ကြစဉ်။

(မြို့နယ် စည်ပင်)

အမြို့မြို့အနယ်နယ်သတင်းများ

သရုပ်ပြလေ့ကျင့်

မတ် ၁၂ရက်က စေတုတ္တရာမြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးဇော်အောင်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးခင်မောင်သိန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ လေ့ကျင့်ကြစဉ်။

(မြို့နယ်စည်ပင်)

တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား သပိတ်ကျင်းမြို့နယ်တွင် ကျင်းပ

သပိတ်ကျင်း ဧပြီ ၉

သပိတ်ကျင်းမြို့နယ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၁၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစီအစဉ်အရ ခေတ္တကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစမ်းစမ်းမော်က ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားပြီး ကျန်းမာရေးမှူးအဆင့် (၁)ဦးကြည်ဝင်းက တီဘီလူနာများအား ဆေးတိုက်ကျွေးမည့် အစီအစဉ်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီသီရှိန်က အသင်းများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၄ခုနှစ်အတွင်း တီဘီရောဂါရှာဖွေပေးနိုင်မှု၊ ဆေးမှန်သောက်ရန်ကြီးကြပ်မှုဆုရ ကျန်းမာရေးဆရာမဒေါ်သဲနု၊ ဆေးတိုက်ကျွေးမှုအများဆုံးဆုရရှိသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊အခြားလူနာများအား ဆင့်ပွားပညာပေးနိုင်မှုဆုရဦးနိုင်ဦးတို့အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးမြို့နယ် အိုင်ကြီးကုန်းကျေးရွာတွင် မီးဘေးသင့်ခံရသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူများပေးအပ်ပွဲကို ဧပြီ ၁ ရက်က မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးသန်းအောင်က နိုင်ငံသား စိစစ်ရေးကတ်ပြား မိတ္တူများပေးအပ်စဉ်။

(ခရိုင်/လဝက)

ရေစကြိုမြို့တွင် ဝင်းသူဇာအရောင်းဆိုင်ဖွင့်

ရေစကြို ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ရေစကြိုမြို့ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် မွန်းတည့် ၁၂နာရီက အဆိုပါ အရောင်းဆိုင်ရှေ့၌ ကျင်းပရာပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် ဦးဆောင် ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဝင်းသူဇာအရောင်းဆိုင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်မြို့တွင် ယင်လုံအိမ်သာသုံးစွဲရေးဆွေးနွေး

ဟိုပင် ဧပြီ ၅

ကချင်ပြည်နယ် ဟိုပင်မြို့တွင် ပြည်သူများကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် မတ် ၉ရက် နံနက်က ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးသန်းကျော်နှင့် ဟိုပင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့တာဝန်ခံ ဦးစီးအရာရှိဦးမောင်မောင်သွင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ယင်လုံအိမ်သာသုံးစွဲမှုကိုစစ်ဆေးပြီး ပြည်သူများကျန်းမာရေးနှင့်ညီညွတ်သော ယင်လုံအိမ်သာသုံးစွဲရေး အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇီးကုန်းမြို့ သမိုင်းဝင် မြသိန်းတန်စေတီ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်

ဇီးကုန်း ဧပြီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ဇီးကုန်းမြို့တွင် သမိုင်းဝင် မြသိန်းတန် စေတီတော်မြတ်ကြီးအား နာယကဆရာတော်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ၁၃၆၆ ခုနှစ် တပို့တွဲလပြည့် နေ့က စတင်၍ မျက်ပါးရွှေအဆိုင်းပေါင်း ၁၀၀၀ ကျော် ကျပ်သိန်း ၁၅၀ ကျော်ဖိုး ရွှေသင်္ကန်း ကပ်လှူကြသည်။

ထို့နောက် စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စိန်၊ ရွှေ၊ ငွေ လက်ဝတ်ရတနာသုံးဆယ့် ငါးသိန်းဖိုးခန့်ဖြင့်ပူဇော်ပြီး၁၀ရက်တိုင် တိုင် အဖူးမြော်ခံထားရှိရာ ပွဲတော်အပြီး တပေါင်းလပြည့်ကျော် ၉ ရက် နံနက် ၈နာရီတွင် သာယာဝတီခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ ခရိုင်အသင်းအတွင်းရေးမှူး ဦးဉာဏ်ခင်၊ မြန်မာ့သစ်လုပ်ငန်းမန်နေဂျာ ဦးအေးဝင်း၊ မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်နှင့် ဂေါပကဥက္ကဋ္ဌ ဦးထွန်းကြည် တို့က အဖွဲ့အသီးသီးတို့ဖြင့် စေတီတော်ကြီးအထွတ်သို့ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက်ခရိုင်ဥက္ကဋ္ဌက တစ်သိန်း အထက် အလှူရှင်များနှင့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ရှိစိန်၊ ရွှေ၊ ငွေ လက်ဝတ်ရတနာအလှူရှင်များကိုဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့်နာယကဆရာတော်များထံတွင် ရေစက်ချ သာဓုအနုမောဒနာတရား နာယူကြကြောင်း သိရသည်။ **(မြို့နယ်စာပေနှင့် စာနယ်ဇင်း)**

ကွယ်လွန်သူ(ဦးကျော်ကူး)အား ရည်စူး၍ အမှတ် ၂၁၃၊ (ပ)ထပ်၊ ရွှေဘုံသာလမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်နေ ဇနီး ဒေါ်ကျင် မိသားစုက အလှူငွေကျပ်သုံးသိန်းကို ဗြဟ္မဝိဟာရပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌဦးအေးသန့်က လက်ခံယူစဉ်။

(မြန်မာ့အလင်း)

မတ် ၁၁ရက်က ပြင်ဦးလွင်မြို့ မြို့အဝင် ကျောက်တောင်မျှားတန်းတွင် ဆောင်ရွက်ထားသည့် မြေခင်းအလှ ပန်းအလှစိုက်ခင်းများ ရေလောင်း ပြုစုပျိုးထောင်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ စွမ်းစွမ်းတမံဆောင်ရွက်သူများအား ဆုချီးမြှင့်

အထက်မင်းလှ ဧပြီ ၈

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မကွေးတိုင်း အထက်မင်းလှမြို့ ကျန်းမာရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ် ဆရာဝန်ဒေါက်တာညိုညိုဦးက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အထက်မင်းလှမြို့နယ်အတွင်း၌ တီဘီရောဂါတိုက်ဖျက်ရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်သူများအား မြို့နယ်အတွင်းရေးမှူး ဦးကျော်ဝင်းက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၀၇၆)**

ဘုတလင်မြို့နယ်၌ လူထုကျန်းမာရေးသင်တန်းဆင်း

ဘုတလင် ဧပြီ ၈

မုံရွာခရိုင် ဘုတလင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲကို မတ် ၂၈ရက်နံနက်က မြို့နယ် ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် ဆရာဝန် ဒေါက်တာလှဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသားများကိုယ်စား ဦးစိန်လေးက ကျေးဇူးတင်စကား ပြောကြားသည်။ **(အောက်ပုံ)**

ပေးအပ်

ဆက်လက်၍ သင်တန်းသားများက ပြည်သူ့ဆေးရုံအတွက် တန်ဖိုးငွေကျပ် ၁၆၅၀၀ ရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရာ သင်တန်းသားများကိုယ်စား ဦးညွန့်ဝင်းက မြို့နယ်ဆရာဝန်အား ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဆရာဝန်နှင့် မောင်းထောင်တိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာခင်ဝါလှိုင်တို့က သင်တန်းသား တစ်ဦးချင်းသို့ ပေးအပ်သည်။

တစ်လကြာမြင့်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၁-၄-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓေဂုသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (နှစ်ရှည်ပင်များ သုတေသနနှင့် မျိုးပွားလုပ်ငန်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အမျိုးသားရေးဆိုင်ရာ ဓမ္မပဒဝတ္ထုများ(ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ)
(၂) စေတနာစကား ရသစာစုများ (ကောင်းသန့်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (လူ့မျက်နှာ၏ ပတ်ဝန်းကျင် အကြောင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ

၁၂:၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အမေ့သားဘုရားဒါယကာ)



ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော T & Y Enterprise ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ Port of Singapore Authorities, PSA တွင် ဆိပ်ကမ်းဝန်ချီကရိန်းများ မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား (အမျိုးသား)များ အလိုရှိပါသည်။

(က) လိုအပ်သောဦးရေ - ၅၀ ဦး

(ခ) အသက် - ၂၀ မှ ၃၅ နှစ်

(ဂ) ပညာအရည်အချင်း- နိုင်ငံတော်အစိုးရအသိအမှတ်ပြု တက္ကသိုလ်/ကောလိပ်/ စက်မှုသင်တန်းကျောင်းများမှ ဘွဲ့/ဒီပလိုမာအဆင့် အောင်မြင်ရရှိထားပြီး ဖြစ်ရမည်။ (မည်သည့်ဘာသာတွဲမဆို လျှောက်ထားနိုင်သည်)
(လုပ်ငန်းအတွေ့အကြုံရှိရန် မလိုပါ)

(ဃ) အခြားလိုအပ်ချက် - အင်္ဂလိပ်စကား အထူးကျွမ်းကျင်စွာ ပြောဆိုတတ်ရမည် (အင်္ဂလိပ်စာ ကျွမ်းကျင် မှုကို နိုင်ငံခြားသားအလုပ်ရှင် ကိုယ်တိုင် စာတွေ့/လူတွေ့စစ်ဆေးပါမည်။)
- ခ-အဆင့် ယာဉ်မောင်းလိုင်စင်ရှိရမည်။

(င) အခြေခံလစာ - ၆၅၀ S$

(စ) အချိန်ပိုနှင့်အခြားခံစားခွင့် - (၃၀၀-၅၀၀) S$

(ဆ) ဝန်ဆောင်ခ - ၂၆၀၀ S$နှင့်ညီမျှသော မြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း အတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်/တိုင်းများရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများတွင် (၅-၅-၂၀၀၅)နောက်ဆုံးထား၍ ပေးပို့တင်သွင်းရမည်။

၃။ အသေးစိတ် အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့် T & Y Enterprise ရုံး၊ အခန်း (၀၂-၀၃)၊ ပ-ထပ်၊ အာရှပလာဇာ ရှော့ပင်းစင်တာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်သို့ လူကိုယ်တိုင်လာရောက်ပြီး စုံစမ်းသိရှိနိုင်ပါသည်။

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါ်ကျွန်း စေတော်ဝင် သာသနာပြုစခန်း၏ အသိပေးကြေညာချက်

ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိက အရှင်သူမြတ်ဘဝနတ်ထံပျံလွန်တော်မူပြီးနောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့၏ တာဝန်ပေးချက်အရလည်းကောင်း၊ နိုင်ငံတော် သံဃနာယကအဖွဲ့၏ အတည်ပြုချက်အရ လည်းကောင်း၊ ရွှေပေါ်ကျွန်း သာသနာပြုစခန်း၏ "ဂရုဘဏ်၊ လဟုဘဏ် ပစ္စည်းများအားလုံး၏ ရက္ခိတ၊ ဂေါပိတ" အဖြစ်လွှဲအပ်ခြင်းခံရပြီး ကျောင်းတော်၏ တာဝန်အရပ်ရပ်ကို စီမံခန့်ခွဲအုပ်ချုပ် လျက်ရှိသည့် လက်ရှိ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုမာရ၏ ဩဝါဒခံ ခွင့်ပြုချက် တစ်စုံ တစ်ရာမရရှိဘဲ ယခုအခါတွင် အချို့သောရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များသည် ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရား၏ ပုံတော်၊ဘွဲ့တော်များကို အသုံးပြု၍လည်းကောင်း၊ မလှိုင်မြို့နယ်အတွင်းရှိ မူလရွှေပေါ်ကျွန်းသာသနာပြုစခန်း၏ အမည်နာမကိုအသုံးပြု၍ လည်းကောင်း အလှူခံခြင်း၊ စာအုပ်များ ထုတ်ဝေခြင်း၊ စီဒီများကူးယူဖြန့်ချိရောင်းချခြင်း၊ တရားခွေများဖြန့်ချိရောင်းချခြင်းနှင့် သာသနာတော်နှင့် လျော်ကန်သင့်မြတ်ခြင်းမရှိသောကိုယ်ကျိုးစီးပွားရှာခြင်း စသည့် အပြုအမူဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်း တွေ့မြင်ကြားသိရပါသည်။

ရွှေပေါ်ကျွန်း သာသနာပြုစခန်းအနေဖြင့် လည်းကောင်း၊ လက်ရှိပဓာန နာယကဆရာတော် အနေဖြင့်လည်းကောင်း၊ ဥပဋ္ဌာကအဖွဲ့အနေဖြင့်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ အလှူခံစေလွှတ်ခြင်း၊ စခန်း၊ ကျောင်းတော်နှင့် ကျေးဇူးရှင် ဆရာတော်ဘုရား၏ ဘွဲ့တော်ကို အသုံးပြု၍ စီးပွားရေးဆန်သော ပြုမူဆောင်ရွက်မှုများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကုမာရ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ အထက်ဖော်ပြပါ အပြုအမူများကို ဆောင်ရွက်ခြင်းမပြုလုပ်ရန် အသိပေးကြေညာလိုက်ပါသည်။

ဘဒ္ဒန္တ ကုမာရ
ပဓာနနာယကဆရာတော်
ရွှေပေါ်ကျွန်း၊ စေတော်ဝင်၊ သာသနာပြုစခန်း
ရေင်ကျေးရွာအုပ်စု၊ မလှိုင်မြို့နယ်၊
မိတ္ထီလာခရိုင်၊ မန္တလေးတိုင်း။



ကျေးဇူးဆပ်ပါမည်

ကျွန်တော်တင်ထွန်းကျော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၃၆၇၈၆၃ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၅၈၀၃၂၇**

ကျေးဇူးဆပ်ပါမည်

၁၅-၄-၂၀၀၅ ရက် ညနေ ၃:၃၀ခန့်တွင် အမွေးစုတ်ဖွား၊ အဖြူနှင့် မီးခိုးကြား၊ အသက်လေးနှစ်ခန့် အရွယ်ရှိ ခွေးထီးလေးတစ်ကောင်၊ ၄၈ လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် ပျောက်ဆုံးသွားပါသည်။ ၎င်းခွေးလေးမှာ ရောဂါဖြင့် ဆေးကုသနေစဉ်အတွင်းဖြစ်၍ တွေ့ရှိသူများ အကြောင်းကြားပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၅၁၀ ၃၉၆၅၊ ၀၉-၅၁၂ ၇၄၃၉၊ ၂၀၃၂၆၃၊ ၂၉၄၂၈၂၊ ၇၂၄၉၁၃။

ကျေးဇူးတင်ရှိခြင်း

ဦးဇော်မင်း(ခ)ဂုလူ
B.A (Geography)
Auto Cad Engineer (Geocomp Myanmar Ltd.)
အသက်(၃၆)နှစ်

၉-၄-၂၀၀၅ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ကိုဇော်မင်း(ခ) ဂုလူ၏ ဈာပနတွင် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းနှစ်သိမ့်ကူညီဆောင်ရွက်ပေးသော ရန်ကုန် သတ္တမနေ့ ဥပုသ်အသင်းတော်မှ သင်းအုပ်ဆရာနှင့် အသင်းသူ အသင်းသားများ၊ လုပ်ဖော် ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဗိုလ်မှူးလှမြင့်(ငြိမ်း) DSA(10) စာရေးဆရာလှဘိုမြင့် ကျောက်စွဲဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်

၁၁-၄-၂၀၀၅ ရက်တွင် ကွယ်လွန်သွားခဲ့သော ဖေဖေ၏ဈာပနတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော သူငယ်ချင်းများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အရာရှိအရာထမ်းများ၊ ရေကြောင်းသိပ္ပံကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ နဝရတ်ဟိုတယ်မှ MD၊ ဇနီးနှင့် ဝန်ထမ်းများ၊ ရေဝေးသုသာန်မှ ဝန်ထမ်းများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများ ပို့ဆောင်ပေးခဲ့သောကုမ္ပဏီများနှင့် မိတ်ဆွေများ၊ ဖုန်းဖြင့်သော် လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ သတင်းမေးကူညီပေးခဲ့ကြသော မိတ်ဆွေ သူငယ်ချင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ချစ်ဇနီးနှင့် သားသမီးများ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၉

မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်စောလှ၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၇ ကော်လံ ၁ ✻

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

တမူးမြို့တွင် ကတ္တရာလမ်းသစ်နှင့် ကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ

ဖယ်ခုံ၊ ပင်းတယနှင့်မိုးညှာမြို့နယ်တို့အတွင်း ကျေးလက်လမ်းနှင့်တံတားတည်ဆောက်

ရန်ကုန် ဧပြီ ၁၉

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်တော်သာလမ်းအပိုင်း(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၂၆ ရက်တွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လမ်းနှင့်တံတားဖြစ်မြောက်ရေးကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြည်တော်သာလမ်း အပိုင်း(၁) ကတ္တရာလမ်းသစ်သည် အရှည် ၆၂၅ ပေ၊ အကျယ် ၁၂ ပေ ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးကူးငှာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့မလမ်း ကြေးနန်းရုံးရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားသစ်သည် အရှည် (၂၁ x ၆ x ၆) ပေ ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တံတားဖြစ်မြောက်ရေးကော်မတီဝင် ဦးဖတ်တေးဗဟာဒူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ ❒

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ "ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် ပင်မစီးပွားရေးလုပ်ငန်း တစ်ခုတည်းအပေါ်တွင်သာ ရပ်တည်နေမည့်အစား ပင်မစီးပွားရေး နှစ်ခု၊ သုံးခု တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်ရော ဒေသခံပြည်သူများအတွက်ပါ ရေရှည်တွင် အရှိန်အဟုန်ဖြင့်တိုးတက်စည်ပင်လာမည်ဖြစ်သည်။"

ခေါင်းကြီး (စာ-၂)

❒ "ကျွန်တော်တို့ မြန်မာနိုင်ငံက တိုင်းရင်းသားပြည်သူတွေရဲ့ စုပေါင်းဆောင်ရွက်တတ်ကြတဲ့ဓလေ့ဟာ အမျိုးသားစရိုက် **(National Pride)** ဖြစ်ပါတယ်။ လုပ်အားကို အခမ့်ဆင့်ဆိုစရာမလိုဘဲ ရပ်မှုရွာမှုတွေမှာ တက်ညီလက်ညီ ဆောင်ရွက်တတ်တဲ့ ဓလေ့ကို စုံမက်ပျော်မွေ့ခဲ့ကြပါတယ်။ နေအိမ်တစ်အိမ် ဓနိမိုးရင်တောင် တစ်ရွာလုံး ကူညီတတ်ကြတဲ့ အမျိုးသားစရိုက်ကို အခမ့်လုပ်အားစေခိုင်းမှုဆိုတဲ့ ပေတံနဲ့တိုင်းလို့ကတော့ သဘာဝကျနိုင်ပါ့မလားဗျာ။"

ခြင်ကျား(မအူပင်)၏ ဆောင်းပါး (စာ-၁၀၊ ၁၁)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

၃၇ ရက်ကြာ ကြိုးတန်းပေါ်မှာနေထိုင်မည်



တရုတ်နိုင်ငံ ကျန်စုပြည်နယ်အရှေ့ပိုင်း နန်းနင်းမြို့ရှိ ဟွမ်ဝုဟူအမျိုးသားဥယျာဉ်၌ ဝါယာကြိုးများပေါ်တွင် အီစီကေယာ ဆိုသူက ပြကွက်အမျိုးမျိုးဖြင့် ပြသနေခြင်းဖြစ်သည်။ (ယာပုံ) ၎င်းသည် ဝါယာကြိုးတန်းများပေါ်တွင် ၃၇ ရက်ကြာနေထိုင်သွားရန် စီစဉ်ထားကြောင်း သိရသည်။ ညဘက်အိပ်ချိန်တွင် ဝါယာကြိုးများတွင်ချိတ်ဆွဲထားသော အမိုးအကာအတွင်း ဝင်ရောက်နေမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ရှားပါးငါးမန်း

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အက်ပ်ဆွန်ငါးပြတိုက်၌ ရှားပါးငါးမန်းဖြူကြီးတစ်ကောင်ကို ခရီးသွားများ စိတ်ဝင်တစားကြည့်ရှုနေကြခြင်းဖြစ်သည်။ (ဝဲပုံ) ၎င်းငါးပြတိုက်ကြီးတွင် ကမ္ဘာပေါ်ရှိ ရှားပါးပင်လယ်ရေသတ္တဝါမျိုးစိတ်ပေါင်း ၃၀၀ ကျော်ရှိကြောင်း သိရသည်။ (အင်တာနက်)